မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁ ရက်၊ စနေနေ့ | အတွဲ (၆၃) ၊ အမှတ်(၂၄၀)

ကိုလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ခမ္မပဒ-၃၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်ဖြင့်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် နိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူ့ပို ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ယနေ့ ဖတ် စ ရာ

အကြိမ် (၃၀)မြောက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်း ထုတ်ပြန်ကြေညာ
ပြည်တွင်းသတင်း စာ ၈

သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး
ဆောင်းပါး စာ ၁၀

သမ္မတဟောင်းထရမ့်အား လျှို့ဝှက်ငွေပေးချေမှု အပါအဝင် ရုံးတင်စစ်ဆေးသည့်စွဲချက်အားလုံး အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိ
နိုင်ငံတကာသတင်း စာ ၁၃

ကောက်ရိုးကို အာဟာရဓာတ်ပြုပြင်မြှင့်တင်လို့ ကျွဲ၊ နွားများကို ကျွေးမွေးကြပါစို့
ဆောင်းပါး စာ ၁၆

ပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်သို့ ဝင်ရောက်လာသည့် နွေပဲတီစိမ်း(အညာရွှေဝါ)များ အရောင်းအဝယ်ကောင်းနေ

မန္တလေး မေ ၃၁

ယခုရက်ပိုင်း မန္တလေးပဲဈေးကွက်အတွင်းသို့ နယ်စုံဒေသမှ ရေသွင်းဖိုက်ပျိုးပြီး ပေါ်ဦးပေါ်ဖျားဝင်ရောက်လာသည့် နွေပဲတီစိမ်း(အညာရွှေဝါ)များကို ပြည်ပနိုင်ငံမှဝယ်လိုအားကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသဖြင့် လိုအပ်ပါက ဆက်သွယ်နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မေ ၃၁ရက်တွင် အသိပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ လွှေပြည်သာ၊ တောင်ဒဂုံ၊ မြောက်ဥက္ကလာပ၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ အရှေ့ဒဂုံ၊ မှော်ဘီ၊ သဃ်နှင်းကျွန်း၊ ပုဇွန်တောင်၊ သာကေတ၊ ဒေါပုံ၊ ဒလ၊ ကြည့်မြင်တိုင်၊ အလုံ၊ ဆိပ်ကြီးခရောင်တို့၊ မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်တို့ရှိ လက်လီဆန်ဆိုင် ၅၈ ဆိုင်မှ ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ဖြင့်

စာမျက်နှာ ၄ ကော်လံ ၁ ◆

နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၃၁-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်	၄၂.၆	၁၀၈.၇
၂။	ညောင်ဦး	၄၁.၀	၁၀၅.၀
၃။	အောင်လံ	၄၀.၆	၁၀၅.၁
၄။	ကလေး၀	၄၀.၀	၁၀၄.၀
၅။	ပခုက္ကူ	၄၀.၀	၁၀၄.၀
၆။	မင်းဘူး	၃၉.၀	၁၀၂.၂
၇။	မကွေး	၃၉.၀	၁၀၂.၂

မြန်မာ့အလင်း

ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံးတို့တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုလျော့ချရေး လှုပ်ရှားမှုများဆောင်ရွက်ရန် နှစ်စဉ် မေလ ၃၁ ရက်နေ့ကို "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" (ကမ္ဘာ့ဆေးရွက်ကြီးမသုံးစွဲသောနေ့)အဖြစ် ၁၉၈၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် သတ်မှတ်ခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ကျန်းမာရေးကိုထိခိုက်စေရုံသာမက ရောဂါအမျိုးမျိုးခံစားကြရပြီး အသက်ဆုံးရှုံးစေနိုင်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အများပြည်သူတို့အား သတိပေးနှိုးဆော်လိုခြင်းကြောင့်လည်း ဖြစ်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းသည် မကူးစက်နိုင်သောရောဂါများ (Non- Communicable Diseases)ဖြစ်သည့် နှလုံးသွေးကြောကျဉ်း၊ သွေးတိုး၊ သွေးချို/ဆီးချို၊ ကင်ဆာ၊ နာတာရှည်အဆုတ်ရောင်ရောဂါများကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းများတွင် အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်သည်။ အဆိုပါရောဂါများကြောင့် နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ လူဦးရေသန်း ၄၀ ကျော် သေဆုံးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထုအများစုအတွင်း ကပ်ရောဂါများ အသွင်ကျရောက်တတ်သည့် ကူးစက်မြန်ရောဂါများနှင့် မကူးစက်နိုင်သောရောဂါများ၊ ကိုယ်ဝန်ဆောင်နှင့် မီးတွင်းမိခင်သေဆုံးမှုအခြေအနေ၊ (၅) နှစ်အောက်ကလေးများ သေဆုံးမှုနှုန်း စသည့်အချက်များအရ ကုလသမဂ္ဂက ချမှတ်ထားသည့် ၂၀၃၀ ပြည့်နှစ်အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များပါ "ရည်မှန်းချက် (၃) လူတိုင်းကျန်းမာရေးအဆင့် မြင့်မားတိုးတက်ရေး" ကို ဖြည့်ဆည်းနိုင်ရန် ကြိုးစားရုန်းကန်ရဦးမည်ဖြစ်ရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုလျော့နည်းကျဆင်းရေးအတွက် အားသွန်စွမ်းခိုက် လုံးပန်းကြရဦးမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အထိမ်းအမှတ်ဆောင်ပုဒ်မှာ ''Protecting Children From Tobacco Industry Interference'' ၊ မြန်မာဘာသာဖြင့် "ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ်၊ သတိပြုကာကွယ်တို့လူငယ်" ဟူ၍ ဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတို့က ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မှုပြုလာချိန်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီကြီးများက အဆိုပါဥပဒေများကို လက်တစ်လုံးခြား ရှောင်တိမ်းနိုင်ရန် ကြိုးပမ်းလာကြပြီး ဆေးလိပ်/ဆေးရွက်ကြီး ထုတ်ကုန်များကိုလည်း ပုံစံသစ်၊ နည်းလမ်းသစ်များဖြင့် ထုတ်လုပ်ကာ အင်တာနက်၊ လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ကြော်ငြာထိုးဖောက်မှုများပြုလုပ်၍ အရောင်းမြှင့်တင်မှုများ ပြုလုပ်နေကြသည်။ ၎င်းတို့၏ အဓိက ဦးတည်သည့်ပစ်မှတ်မှာ လူငယ်များနှင့် ကလေးများဖြစ်ပြီး အီလက်ထရောနစ်အင်္ဂျင်ကိရိယာများ၊ ၎င်းနှင့်တွဲဖက်အသုံးပြုရသည့် အနံ့အရသာမျိုးစုံထည့်သွင်းထားသော E-Liquid အရည်များ စသည်တို့ကို လူငယ်များ၊ အမျိုးသမီးများအကြိုက်၊ ကလေးများအကြိုက် ပုံစံမျိုးစုံ၊ အရောင်အသွေးမျိုးစုံ လှပစွာထုတ်လုပ်ရောင်းချနေကြခြင်းဖြစ်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုအန္တရာယ်များနှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူလူငယ်များအတွင်း အသိပညာပေးမှုများ မြှင့်တင်ဆောင်ရွက်ရာတွင် အင်တာနက်လူမှုကွန်ရက်များကို အသုံးချ၍ လူငယ်ထုအတွင်း ထိုးဖောက်ရန်ကြိုးပမ်းနေသည့် အီးစီးကရက်အန္တရာယ်ကို မီးမောင်းထိုးဖော်ပြတားဆီးကြရမည် ဖြစ်သည်။ ထို့အပြင် အသက် ၁၅ နှစ်အောက်လူငယ်များအတွင်း ဆေးရွက်ကြီးထွက်ပစ္စည်းပါဝင်သည့် ကွမ်းယာစားသုံးမှု မြင့်တက်လျက်ရှိခြင်းသည်လည်း မိမိတို့နိုင်ငံအဖို့ အဓိကတိုက်ဖျက်ရမည့် လုပ်ငန်းတစ်ရပ်အဖြစ် အသိပညာပေးမှုနှင့် ထိန်းချုပ်မှုတို့ကို အလေးအနက် ဆက်လက်ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

အသိပေးနှိုးဆော်ချက်

၁-၆-၂၀၂၄ ရက်နေ့ ဝ၆:၃၀ အချိန်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ သံဃာတော် (၅၅၅၅) ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အနောက်ရွှေဂုံတိုင်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေဂုံလမ်း ဆုံရာမှလည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မှခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့်ဆုံရာ ဦးဝိစာရလမ်းအထိလည်းကောင်း၊ ဦးထောင်ဘိုလမ်းအား ဦးထောင်ဘိုအဝိုင်းမှ ဦးဝိစာရအဝိုင်းအထိ လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မှခ်မှ ပန်ဇာလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ - အာဇာနည်လမ်းဆုံရာအထိလည်းကောင်း အခမ်းအနား မကျင်းပမီ ဝ၄:၀၀အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွဲ ဆောင်ရွက်သွားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများ အနေဖြင့် လမ်းလွဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တွင် တက်ရောက်ဆေးကုသနေသူများ၏ ကျန်းမာရေးအခြေအနေများ သွားရောက်ကြည့်ရှုအားပေး

ဘားအံ မေ ၃၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၃၁ ရက် နံနက် ၈ နာရီက ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်စွာမြင့်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို အားပေးစကားများ ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖျားနာဆောင်နှင့်သားဖွားမီးယပ် ဆောင်ကြား၌ လူနာစောင့်များ နားနေဆောင် တစ်ဆောင် ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြည်သူ့ဆေးရုံကြီး တိုးချဲ့လူနာဆောင် တည်ဆောက်ခြင်း အဆိုပြုပုံစံကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာန၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါ်ငေးစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဘားအံပြည်သူ့ဆေးရုံကြီး (၁၇၇ ပေ x ၃၄ ပေ) RC ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့စရိတ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အဆင့် ဝန်ထမ်းနှင့်သားသမီး ၃၆ ဦး၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဝန်ထမ်းသားသမီး ၁၀၉ ဦးအတွက် စုစုပေါင်း၄၄၅၂၆၀၀၀၀ တန်ဖိုးရှိ ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	ဟောကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၅၆၅	၂၆၀၅	၂၆၂၀	၂၅၇၅	၂၆၀၅	၂၆၆၀	၂၆၇၀	၂၆၂၅	၂၇၀၅	၂၇၀၅	၂၆၀၅	၂၆၇၀	၂၆၀၀	၂၆၇၀	၂၆၀၀	၃၀၉၀	၄၃၀၀
95 Ron	၂၆၆၅	၂၇၄၀	၂၇၂၀	၂၆၇၅	၂၇၀၅	၂၇၀၅	၂၇၆၅	၂၇၂၀	၂၈၀၅	၂၈၀၅	၂၇၄၀	၂၇၀၅	၂၇၀၀	၂၇၀၀	၂၇၀၀	၃၀၉၀	၄၄၅၀
HSD (500 ppm)	၂၄၃၀	၂၄၇၀	၂၄၈၅	၂၄၅၀	၂၄၇၀	၂၄၂၀	၂၄၆၅	၂၄၉၀	၂၅၂၀	၂၅၂၅	၂၄၇၀	၂၄၆၅	၂၄၆၅	၂၄၆၅	၂၄၆၅	၂၄၆၅	၄၄၀၀
HSD (50 ppm)	၂၄၈၀	၂၄၆၅	၂၄၆၅	၂၄၉၀	၂၄၆၅	၂၄၇၀	၂၄၆၀	၂၄၆၀	၂၅၀၀	၂၅၀၀	၂၄၆၅	၂၄၆၀	၂၄၆၅	၂၄၆၅	၂၄၆၅	၂၄၆၅	၄၄၀၀
HSD (10 ppm)	၂၄၈၀	၂၄၆၅	၂၄၆၅	၂၄၉၀	၂၄၆၅	၂၄၇၀	၂၄၆၀	၂၄၆၀	၂၅၀၀	၂၅၀၀	၂၄၆၅	၂၄၆၀	၂၄၆၅	၂၄၆၅	၂၄၆၅	၂၄၆၅	၄၄၀၀

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၃၃	၂၅၁၅
95 Ron	၂၅၂၇	၂၆၁၁
HSD (500 ppm)	၂၂၀၄	၂၂၇၇
HSD (50 ppm)	၂၂၅၁	၂၃၂၅
HSD (10 ppm)	၂၂၅၁	၂၃၂၅

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီးလေးယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် မေ ၃၁

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းဇြမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာဘာရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်ဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီးလေးယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်း ကောင်း ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသားနှစ်ယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီးသုံးယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ် အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘာရွှေက အမျိုးသားသုံးယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုဆုငွေများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမူထန်က အမျိုးသမီးလေးယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းဇြမ်းမောင်က အမျိုးသားလေးယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် တတိယဆု ရရှိသည့် ကချင်ပြည်နယ် အသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရခိုင်ပြည်နယ်အသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစား အဆင့်အတန်းတိုးတက် မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမား စုစုပေါင်း ၂၆၉ ဦးဖြင့် မေ ၂၃ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား International Award for Promotion of Buddhism ဘွဲ့တံဆိပ် ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၁

နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်နိုကာယသာသနာပိုင် အဘိဓမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား အိန္ဒိယသမ္မတနိုင်ငံက ချီးမြှင့်သော International Award for Promotion of Buddhism ဘွဲ့တံဆိပ် ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ ကျောင်းတိုက် ဆရာတော် ဦးသောဘိတ၊ ရခိုင်ပြည်နယ်အလိုတော်ပြည့်ပိဿနာ စင်တာနှင့် ကျောင်းတိုက်ဆရာတော် ဦးပညာဓောတနှင့် ဆရာတော် သံဃာတော်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abjay Thaku ၊ Indian Council for Cultural Relations (ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr. Kumar Tuhin ၊ ဦးနေ-ဒေါ်မြရီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များမှ ICCR သင်တန်းသား၊ သင်တန်းသူဟောင်းများ၊ မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွား ဗုဒ္ဓဘာသာဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Swami Vivekananda Cultural Center (SVCC) မှ ကျောင်းသား ကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှုတေးဂီတဖြင့် သီဆိုကပြဖျော်ဖြေကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသူလေးများက ဆီမီးခွက်အကဖြင့် ကပြ ဖျော်ဖြေကြသည်။

ယင်နောက် Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr. Kumar Tuhin က အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်က မိမိတာစကား ပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် Indian Council for Cultural Relations (ICCR)မှ ညွှန်ကြားရေးမှူးချုပ်တို့က ဆီမီးထွန်းညှိပူဇော်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက သက်နှံးများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး အဘိဓမဟာရဋ္ဌဂုရု၊ အဘိဓမောဂဓမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံ Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr.Kumar Tuhin က Conferring International Award for Promotion of Buddhism ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းသည်။ (၁၀၆)

ယင်းနောက်သီတဂူဆရာတော်ကြီးက သြဝါဒစကား မြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယနိုင်ငံ ယဉ်ကျေးမှု ဆက်ဆံရေးကောင်စီသည် ဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် ဆောင်ရွက်ကြသော နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များ၊ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား အသိမှတ်ပြုဂုဏ်ပြုခြင်းနှင့် ဗုဒ္ဓဘာသာထွန်းကား ပြန့်ပွားရေးအတွက် နိုင်ငံတကာဆုကို ၂၀၂၁ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။

ထိုဆုကို Otani University (Japan), Dr. Duong Thi Thanh Huong (Vietnam) နှင့် Mr. Choijamts Demberel (Mongolia) တို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်းများစွာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဗုဒ္ဓဘာသာဆက်နွယ်မှုကို မျှဝေခဲ့ကြပြီး ယဉ်ကျေးမှုပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဥာဏိဿရ၏ ဘာသာသာသနာထွန်းကားပြန့်ပွားရန် ကြိုးပမ်းအားထုတ်မှုကို ပိုမိုအားကောင်းစေခဲ့ပြီး မတူကွဲပြားသော လူမှုအသိုက်အဝန်းများကြား သဟဇာတဖြစ်တည်မှုနှင့် နားလည်သဘောပေါက်မှုတို့ကို မြှင့်တင်ဆောင်ရွက်တော်မူနိုင်ခဲ့သည်။

သီတဂူ ဆရာတော်ကြီးအား ၂၀၂၃ ခုနှစ်တွင် "ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး ဆောင်ရွက်မှုအတွက်" နိုင်ငံတကာဆုကို ဆက်ကပ် လှူဒါန်းခြင်းဖြစ်ရာ ထိုဆုကို ဆက်ကပ်လှူဒါန်းခြင်းသည် ဆရာတော်ကြီး၏ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ပြည်ပနိုင်ငံများအထိ ဗုဒ္ဓဘာသာနှင့် တရားဒေသနာတော်များ ပြန့်ပွားရေးအတွက် ကိုယ်ကြိုးမဖက် အလေးထား ဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသက်သာ ချောင်ချိရေး ကော်မတီမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများရှိ ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကြိုးစားသင်ယူ

အခမ်းအနားတွင် ဒုတိယ စာရင်းစစ်ချုပ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့် တက္ကသိုလ်အသီးသီးသို့ တက်ရောက်ပညာသင်ကြားကြမည့် ဝန်ထမ်းသားသမီးများ၏ ပညာသင်စရိတ်များ အထိုက်အလျောက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ ထောက်ပံ့ရခြင်း ဖြစ်ပါကြောင်း၊ လူငယ်နှင့်ပညာရေးသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များ ဖြစ်ပေါ်လာစေရန် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးသည် လွန်စွာ အရေးကြီးပါကြောင်း၊ ယနေ့ လူငယ်ကျောင်းသားများသည် အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်များဖြစ်ရာ အသိပညာပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်ပြီး အကျင့်စာရိတ္တနှင့် စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန် ပညာကို အပတ်တကုတ် ကြိုးစားသင်ယူကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူး ချုပ်များက ကျောင်းသား ကျောင်းသူ၊ သားငယ်၊ သမီးငယ်များကို ပညာသင်ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး စီမံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသားမိဘများကိုယ်စား ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ထောက်ပံ့ပေးအပ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်သူ ၁၅၆ ဦး၊ အထက်တန်းတက်ရောက်သူ ၂၄ ဦး၊ အလယ်တန်း တက်ရောက်သူ ၄၁ ဦး၊ မူလတန်း တက်ရောက်သူ ၈၅ ဦး၊ စုစုပေါင်း ၁၆၅ ဦးအတွက် ပညာသင် ထောက်ပံ့ငွေကျပ် ၃၁၄၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

ဧည့်မထဆန် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးခြင်းမှာ စက်ရုံအလုပ်ရှင် ဝန်ထမ်းများ၊ အလုပ်သမားမိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများသို့ ရောင်းချပေးခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြရေးသား ထားချက်အရ သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်း၏ ဦးဆောင်စီစဉ်မှု၊ မြန်မာနိုင်ငံဆန်စပါးအသင်းနှင့်ကုန်စည်ဒိုင်များ၊ ပို့ကုန်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ပြည်တွင်းဆန်ဈေးကွက်ဈေးနှုန်းတည်ငြိမ်စေရန်နှင့် အခြေခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ သက်သာစွာဖြင့် ဆန်ဝယ်ယူရရှိစေနိုင်ရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆန်လက်လီ အရောင်းဆိုင် ၅၈ဆိုင်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ စားသုံးသူများထံသို့ ဝယ်ယူသူ တစ်ဦးလျှင် Reasonable Well Milled 15% White Rice ဆန် နှစ်ပြည်နှုန်းကို တစ်ပြည်လျှင် ၄၄၀၀ နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ခဲ့သည်။

ထို့အပြင် ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများအတွက် လိုအပ်ချက်များရှိပါက ကုန်စည်ဒိုင်များနှင့် အသင်းချုပ်သို့ တိုက်ရိုက်ဆက်သွယ် တင်ပြဝယ်ယူနိုင်သည်ဟုလည်း ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ MT

စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် အလုပ်ရှင်နှင့်အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ရန်လိုအပ် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လေးစားလိုက်နာပြီး အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာပြောကြားရန်

နေပြည်တော် မေ ၃၁

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဖြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝါးတစ်ရာစက်မှုဇုန်ရှိ Very Impressive Prospect Co., Ltd. အားကစားပစ္စည်းထုတ်လုပ်သည့်စက်ရုံနှင့် သာခုကန်စက်မှုဇုန်ရှိ Myanmar Pou Chen Co., Ltd. ဖိနပ်ချုပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် အလုပ်သမားရေးရာညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှုနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အနေဖြင့် MSME လုပ်ငန်းတွင် အဓိကလိုအပ်သည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ထူထောင်၍ ဘဏ္ဍာနှစ်အလိုက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံအလုပ်သမားများကို သက်ဆိုင်ရာ အာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် အလုပ်ရှင်နှင့်အလုပ်သမား လုပ်ငန်းခွင် ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လေးစားလိုက်နာရန်နှင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်းနှီးပွင့်လင်းစွာပြောကြားရန်နှင့် အေးချမ်းသာယာသော လုပ်ငန်းခွင်များဖြစ်အောင် ဖန်တီးဆောင်ရွက်ကြရန် မှာကြားပြီး ပြည်ထောင်စုဝန်ကြီးသည် Myanmar Pou Chen Co., Ltd. ဖိနပ်ချုပ်စက်ရုံမှ အလုပ်သမားများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးသို့ သွားရောက်၍ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လွိုင်သာယာစက်မှုဇုန်ရှိ Sioen Myanmar Co., Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ထိခိုက်မှုများဖြစ်ပွားမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ စက်ရုံများတွင် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၄) အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၁

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ (၁/ ၂၀၂၄) အစည်းအဝေးကို ယနေ့ နံနက် ၉နာရီက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ ဘူမိဥယျာဉ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ အဖြတ်မဲအတွင်းဝန်၊ ကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေး အလားအလာကောင်းများရှိသည့် နေရာအများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် အလားအလာအကောင်းဆုံး ဖြစ်သည့်အတွက် သတ်မှတ်ခံရရေး ဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တက်ရောက်လာသူများက ပိုင်းဝန်းတင်ပြဆွေးနွေးဆုံးဖြတ်နိုင်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေး အလားအလာကောင်းများရှိသည့် နေရာအများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် အလားအလာအကောင်းဆုံး ဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသား အဆင့် ဘူမိဥယျာဉ်အဖြစ် ဘူမိနယ်မြေ ၁၅ ခုဖြင့် ပါဝင်ဖွဲ့စည်းထားသည့် "ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်" ကို သတ်မှတ်ကြေညာနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကမ္ဘာ့ ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းမှ ရန်ပုံငွေခွဲပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ်သတ်မှတ်ခံရရေးအတွက် UNESCO သို့ စာရင်းတင်သွင်းရာတွင် သဘောသဘာဝမတူညီသော ဘူမိနယ်မြေများလေ ပိုကောင်းလေဖြစ်သောကြောင့် နောက်ထပ်ဘူမိနယ်မြေအသစ်များကိုဆက်လက်ဖော်ထုတ်ရမည် ဖြစ်ပါကြောင်း၊ ပုပ္ပားတောင်ဒေသအတွင်း အဆိုပြုဘူမိနယ်မြေ ၁၄ ခုကိုလည်း အတည်ပြု သတ်မှတ်ခံရရေး ဆောင်ရွက်ရာတွင် ဆက်စပ်ဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ၏ သဘောတူညီချက်များ ရရှိရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark)အဖြစ် သတ်မှတ်နိုင်ပါက နိုင်ငံ၏ ထူးခြားထင်ရှားသော သဘာဝအမွေအနှစ်ထိန်းသိမ်း ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ရုံသာမက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ပိုမိုသိရှိလာစေနိုင်ပါကြောင်း၊ သဘာဝအလှတရား၊ ဧဝံမျိုးစုံမျိုးကွဲ၊ ရှေးဟောင်းအမွေအနှစ်၊ ယဉ်ကျေးမှုသမိုင်း စသည့်တန်ဖိုးကြီးမားပြီး အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များကို ဘူမိဥယျာဉ်တွင် တစ်စုတစ်စည်းတည်း တွေ့ရှိနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်ခံရရေးအတွက် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီဝင်အဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဘူမိဥယျာဉ်လုပ်ငန်းကော်မတီအတွင်းရေးမှူးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောမြေပြင်ပရှိ ဘူမိနယ်မြေ ၁၄ ခုနှင့် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေသုံးစွဲဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်ညွန့်တင်က ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark) Cheeklist ပါ အချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဝေါမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ဝေါ မေ ၃၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က ဝေါမြို့အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူများထံ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံကြပါစို့သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၁

၂၀၂၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ Meeting Hall ၌ ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီနှင့်ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

နှစ်စဉ်ကျင်းပဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုကျဆင်းရေးကို ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မေ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၄ ခုနှစ် **"ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Protecting Children From Tobacco Industry Interference"** ဖြစ်ကြောင်း၊ မြန်မာဘာသာဖြင့် **"ဆေးလိပ် ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ်၊ သတိပြုကာကွယ် တို့လူငယ်"** ဟု ဘာသာပြန်ဆိုထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာသုံးစွဲမှုမြင့်မားလာသည့်အချက်ကို အခွင့်ကောင်းယူ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ် ရောင်းချသူများသည် ၎င်းတို့၏ ထုတ်ကုန်များကို သုံးစွဲလာစေရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လာကြကြောင်း၊

တားဆီးကာကွယ်

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်များကို ဦးတည်ဆွဲဆောင်လာကြကြောင်း၊ အချို့သော သုတေသနအဖွဲ့အစည်းများကို ငွေကြေးအမြောက်အမြား ပေးပြီး ၎င်းတို့၏ ထုတ်ကုန်များကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုမရှိဟူသော သတင်းအမှားများကို လူငယ်များထံသို့ ရည်ရွယ်ချက်ရှိရှိဖြန့်ဝေပေးလျက်ရှိသည့် အပြင် E-cigarette၊ Vape ၊ Heated Tobacco Products အစရှိသည့် အီလက်ထရောနစ်အင်္ဂေ့ျှစက်များကို လူငယ်များသာမကကလေးငယ်များအကြိုက် ဖြစ်အောင် ပုံစံအမျိုးမျိုး၊ အနံ့အရသာအမျိုးမျိုးဖြင့် ထုတ်လုပ်ပြီး ထင်ပေါ်ကျော်ကြား လူသိများသူများဖြင့် လူမှုကွန်ရက်စာမျက်နှာနှင့် မီဒီယာများမှ အရောင်းမြှင့်တင်နေကြကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control – article 5.3 အရ ပြည်သူ့ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောင့်နှေးကြန့်ကြာစေရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ် ရောင်းချသူများက နည်းအမျိုးမျိုးဖြင့် ဟန့်တားနောင့်ယှက်နေသည့်အပေါ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်း ပါပြဋ္ဌာန်းချက်များကို အခြေခံ၍ ၂၀၀၈ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း၊ အသက် ၁၈ နှစ်မပြည့်သေးသူကို ဆေးလိပ်ရောင်းချခြင်း မပြုရန်၊ ကျောင်းပုရပုဏ်း အတွင်းနှင့် ကျောင်းပုရပုဏ်းမှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်း မပြုရန် ဥပဒေအရတားမြစ်ထားပြီးဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများတွင် အထောက်အပံ့ပေးခြင်းများကို ဥပဒေအရပြစ်မှု၊ ပြစ်ဒဏ်များ ဖြင့် တင်းကျပ်စွာတားမြစ်ထားကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အတွက် အီလက်ထရောနစ် အင်္ဂေ့ျှစက်များအပါအဝင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု အန္တရာယ်နှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာ မြှင့်တင်ပေးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၏ လှည့်ဖြားမှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန်အတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဖြန်းကြည့်ရှု

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယို ပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်ကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရတနာပုံတက္ကသိုလ်၌ အရည်အသွေးမြင့်မွမ်းမံသင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

မန္တလေး မေ ၃၁

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ စီမံရေးရာဝန်ထမ်းများအား နိုင်ငံတာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရန် မြန်မာစာ(ရုံးစာရေးသားနည်း)၊ ရုံးသုံးအင်္ဂလိပ်စာ (အရေး၊ အဖတ်၊ အပြော၊ အကြား) နှင့် အခြေခံကွန်ပျူတာသင်တန်းမွမ်းမံ သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲကို မေ ၃၁ ရက်က အဆိုပါ တက္ကသိုလ်ရှိ အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

ဦးစွာပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းများကို မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ ကွန်ပျူတာ သိပ္ပံပညာဌာနများတွင် မေ ၂ ရက်မှ ၃၁ ရက်အထိ သင်ကြား ပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ စီမံရေးရာဝန်ထမ်း ၄၆ ဦး တက်ရောက်ကြောင်း သိရသည်။ **တင်မောင်-မန္တလေး**

❖ *ရှေ့ဖုံးမှ*

အဆိုပါ ပဲတီစိမ်း(အညာရွေဝါ)များသည် နွေသီးနှံအဖြစ် မတ္တရာ၊ စဉ့်ကူး၊ ရေစကြို၊ မြောင် စသည့်နယ်ဒေသများမှ ဝင်ရောက်လာကြောင်း၊ ယခုနှစ်ထွက်ရှိလာသည့် ပဲတီစိမ်းများမှာလည်း ရာသီဥတုကောင်းမွန်မှုကြောင့် ရောင်းတန်းဝင်အဖြစ် အရည်အသွေးကောင်းမွန်ပြီး အလုံးအဖန်လည်း ပိုမိုကောင်းမွန်လာကာ ဈေးကောင်းရရှိနေသည်ကို တွေ့ရှိရကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"နွေပဲတီစိမ်း(အညာရွေဝါ)တွေက နယ်စုံကနေ အရေအတွက်များများ ဝင်ရောက်နေပါတယ်။ ခုရက်ပိုင်းမှာ ပေါ်ဦးပေါ်ဖျားပဲတီစိမ်း(အညာရွေဝါ)တွေ ဈေးကောင်းပြီး အရောင်းအဝယ်တွေ ကောင်းနေတယ်။ နွေသီးနှံအဖြစ် ဒီနှစ်မှာ အထွက်နှုန်းလည်း လျော့ကျမသွားဘဲ ပုံမှန်အတိုင်းထွက်ရှိလာပါတယ်။ မကြာခင်ကာလမှာလည်း နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ် စတဲ့ဒေသတွေကနေ ပဲတီစိမ်းတွေ ဝင်ရောက်လာတော့မှာဖြစ်ပါတယ်။ ပဲတီစိမ်းက မန္တလေးဈေးကွက်က အဓိကကျပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို နှစ်စဉ်တင်ပို့နေရပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ပဲတီစိမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စပါးကဲ့သို့ ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်မူ ပဲတီစိမ်းကို ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ ကားလမ်းဘေးတစ်လျှောက်တွင် အမှိုက်ကောက်ခြင်း ပလတ်စတစ်ကမ်ပိန်းနှင့် လမ်းဘေးဝဲယာတွင် သစ်ပင်စိုက်ပျိုးခြင်းများဆောင်ရွက်

ပြင်ဦးလွင် မေ ၃၁

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုလှုပ်ရှားမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဆောင်သော မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ခံများ၊ ပြင်ဦးလွင်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် အရာထမ်း အမှုထမ်းများ၊ သုံးတောင်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ Brust Transmission စက်ရုံမှ ဝန်ထမ်းလုပ်သားများ စုစုပေါင်းအင်အား ၁၅၅ ဦး ပါဝင်သောအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ ကားလမ်းဘေးတစ်လျှောက် ယမန်နေ့က အမှိုက်ကောက်ခြင်း ပလတ်စတစ်ကမ်ပိန်းနှင့် လမ်းဘေးဝဲယာတွင် သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ ကားလမ်းဘေးတစ်လျှောက် ဝဲယာတို့တွင် ချယ်ရီပင်၊ ခါတော်မိန့်နှင့် စိန်ပန်းပြာပျိုးပင် ၁၀၀ တို့အား စိုက်ပျိုးခြင်းများနှင့် လမ်းတစ်လျှောက် အမှိုက်ကောက်ခြင်း ပလတ်စတစ်ကမ်ပိန်းဆောင်ရွက်ခဲ့ကြောင်း ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

ဖြူလူသစ်
(ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များပေးအပ်

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက်များနှင့် အမျိုးသားစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုရ၍ ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံ၍ ပြည်သူများ စာပေဖတ်ရှုမှု အဆင်ပြေစေရေး အတွက် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း၊ သတင်းအချက်အလက်များ မှန်ကန်စွာ သိရှိစေရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိပေးရေးနှင့် လူငယ်များအား စာကြည့်တိုက်သို့ ဝင်ထွက်သွားလာ၍ စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရုံသာမက မိမိတို့ ရရှိလာသည့်အသိပညာ၊ဗဟုသုတများကို ပြန်လည်ဆွေးနွေးခြင်း၊ မျှဝေခြင်းတို့ကိုလည်း မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် စာကြည့်တိုက်ကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေး ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် မှာကြားပြီး ထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင် ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့အမျိုးသားစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ မြို့မစာကြည့်တိုက်သည် ရန်ကင်းမြို့နယ် အမှတ် (၄) ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၇) တွင် တည်ရှိပြီး စာအုပ်စာစောင်ပေါင်း ၅၀၀၀ ကျော်ဖြင့် စာကြည့်တိုက် ဖွင့်လှစ်နေခြင်းဖြစ်ကာ အခါအားလျော်စွာ ဆွေးနွေးပွဲများ ကျင်းပ၍ ရပ်ကွက်နေပြည်သူများအား အသိပညာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ထွန်းဖောင်းဒေးရှင်းစာကြည့်တိုက်ကို ရောက်ရှိပြီး စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်နေသည့် အခြေအနေများ မေးမြန်းကာ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားရာ၌ ယနေ့အချိန်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထွန်းဖောင်းဒေးရှင်းစာကြည့်တိုက်၏ အသွင်အပြင်နှင့် စာအုပ်စာစောင်များသည် ဗဟုသုတရှာဖွေနေသည့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် အဆင်ပြေစွာ အသုံးပြုနိုင်မည့် စာကြည့်တိုက်ပင်ဖြစ်ပါကြောင်း၊ စာကြည့်တိုက် လုပ်ငန်းများကို ယခုကဲ့သို့ ငွေကြေးအကုန်အကျခံကာ စီစဉ်ဖွင့်လှစ်ပေးမှုအတွက် လွန်စွာကျေးဇူးတင်ရှိပါကြောင်း၊ ရည်ညွှန်းစာဖတ်ခန်းရှိ စာအုပ်စာစောင်များသည် ဘာသာရပ်အမျိုးအစား စုံလင်ပြီး အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည့်အတွက် အဆင့်မီသည့် စာကြည့်တိုက်တစ်တိုက် ပင်ဖြစ်ပါကြောင်းနှင့် ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး စာအုပ်စာစောင် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ထွန်းဖောင်းဒေးရှင်းစာကြည့်တိုက်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အသင်းသားဦးရေ ၂၃၄၆ ဦးဖြင့် စာငှား၊ စာဖတ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်တွင် မြန်မာဘာသာစာအုပ် ၇၅၀၀ ကျော်နှင့် အင်္ဂလိပ်ဘာသာစာအုပ် ၂၉၅၀ အုပ်၊ အခြားဘာသာစာအုပ် ၁၁၇ အုပ်ဖြင့် စာကြည့်တိုက် ဖွင့်လှစ်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများနှင့် စာငှား၊ စာဖတ်လုပ်ငန်းများကို မေးမြန်းကြည့်ရှုကာ ဝန်ထမ်းများအား မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များကို အများပြည်သူ ဝင်/ထွက် သွားလာချင်စဖွယ်ဖြစ်အောင် ဖန်တီးပေးထားရမည် ဖြစ်ကြောင်း၊ စာကြည့်တိုက်များ၏ အသွင်အပြင်နှင့် ဥပဓိရုပ်များကို ယခုထက်ပိုမိုကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း၊ ပြည်သူများအား စာဖတ်ရှုနိုင်ဖြင့်တင်ရေးလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်၍ စာပေလေ့လာဖတ်ရှုနိုင်အောင် ကြိုးပမ်းပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို သွားရောက်လေ့လာ၍ တာဝန်ရှိသူများအား အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများသည် ကောင်းမွန်သော်လည်း ပြည်သူများ လာရောက်အသုံးချမှု နည်းပါးနေသဖြင့် ပိုမိုအသုံးပြုလာစေရန် မိမိတို့ဝန်ကြီးဌာနက မီဒီယာအားဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ကို ပြည်သူများက ယခုထက် ပိုမိုအသုံးပြုကြစေရေး စည်းရုံးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နံနက်ပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံသို့ သွားရောက်၍ အဆောက်အအုံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ယခုရုပ်ရှင်ရုံကြီးကို ဂုဏ်ပြုခံကဇာတ်ရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါလိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပြင်ဆင်ထိန်းသိမ်း လျက်ရှိပါကြောင်း၊ ယခုအဆောက်အအုံကြီးသည် ရန်ကုန်မြို့၏ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီးတစ်ခုဖြစ်သည့်အတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျောင်းဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် ကျောင်းသားများ သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး

နေပြည်တော် မေ ၃၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ပွန်းလွဲပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်သော ကျောင်းဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ဤအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဇွန် ၃ ရက်တွင် ကျောင်းများ အားလုံး ဖွင့်လှစ်မည်ဖြစ်ရာ ခေတ်မီအင်ဂျင်နီယာနည်းပညာများကို ကျောင်းသား ကျောင်းသူများ ရွှင်လန်းတက်ကြွစွာ လေ့လာဆည်းပူးနိုင်သည့် ဝန်းကျင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေး တစ်တပ်တစ်အားဖြစ်စေမည့် အရည်အသွေးစံမီသည့် အင်ဂျင်နီယာများ/နည်းပညာရှင်များကို စဉ်ဆက်မပြတ် ပို့ထောင်းပေးနိုင်ရေးနှင့် ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် စွမ်းရည်မြင့် နိုင်ငံဝန်ထမ်းကောင်းများဖြစ်စေရေး တို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်ကြသော နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အဓိပတိရုံးပညာ ကောလိပ်များနှင့် အဓိပတိရုံးတက္ကသိုလ်မှ သိပ္ပံများမှ ကျောင်းအုပ်ကြီးများက ကျောင်းအပ်နှံပြီးစီးမှုနှင့် ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ရေးမှူးချုပ်များက ဖြည့်စွက်တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ စာသင်ခန်းများနှင့် လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှုများ၊ ဥပဓိရုပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်မဆောင်ရှိ Maker Space အခန်းတွင် ပါရဂူဘွဲ့ သင်တန်းသားများ၏ လျှပ်စစ်သုံးယာဉ် အားသွင်းခြင်း အမျိုးမျိုးနှင့် လျှပ်စစ်သုံးယာဉ် ဘက်ထရီဆိုင်ရာ သုတေသန လုပ်ငန်းများ၊ စပါးခွံလောင်စာသုံး Gasifier ဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု အားပေးကာ နိုင်ငံတော်ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ကျကျ အထောက်အကူပြုနိုင်သည့် သုတေသန ရလဒ်များရရှိစေရေး ဦးတည် ဆောင်ရွက်ရန် မှာကြားပြီး သုတေသနထူးချွန်သည့် ကျောင်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ဆရာနှင့် ကျောင်းသားများ စာကြည့်တိုက်အသုံးပြုမှုနှင့် စာဖတ်ရှုနိုင်မြှင့်တင်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် သုတေသန စင်တာများရှိ Lab Facilities များကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် သုတေသနလုပ်ငန်းများဖြင့် အစဉ်ရှင်သန် သက်ဝင်နေစေရေး အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသားအဆောင်များ သန့်ရှင်းသာယာလုပ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများ၊ ပြည်သူ့အင်ဂျင်နီယာလူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြိမ် (၃၀)မြောက် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၃၁

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ် ချီးမြှင့်လျက်ရှိရာ အကြိမ် (၃၀) မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ညိမ်းညိုရေးသားသည့် "မေတ္တာထွေးနွေးပါသည်"၊ တတိယဆုကို နေဖိုးသော် ရေးသားသည့် "စိတ်" စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အမေသား (နတ်မောက်) ရေးသားသည့် "မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို ကိုနီသွေး (မန်းမြို့) ရေးသားသည့် "အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို ထွန်းလှိုင် (မြိုင်) ရေးသားသည့် "မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကောင်းနွဲ့ ရေးသားသည့် "ရောင်နီသန်းချိန် ပန်းပွင့်ချိန်"၊ ဒုတိယဆုကို ရွှေမင်းသား (စစ်ကိုင်း) ရေးသားသည့် "မွေးမြင်ဂဏ်ရည် စာပန်းသီ ကဗျာများ"၊ တတိယဆုကို ကနောင် နိုင်နွယ်ဦး ရေးသားသည့် "ဘဝတေးသံကဗျာများ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း) ရေးသားသည့် "ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့် စာပေ"၊ ဒုတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရာဏ်ဦး) ရေးသားသည့် "ရတနာပုံအိမ်ရှေ့စံ"၊ တတိယဆုကို သက်ဦးမောင် ရေးသားသည့် "ရုပ်ရှင်နှင့် နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍ" စာမူတို့ကလည်း ကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို မာန်သစ်ပြင်း(ရေးဟောင်း သုတေသန) ရေးသားသည့် "သရေခေတ္တရာပျူတို့၏ ရွှေထည်ငွေထည် ယဉ်ကျေးမှု အနုလက်ရာများ"၊ ဒုတိယဆုကို ကိုဇော်ဌေး (ယဉ်ကျေးမှု) ရေးသားသည့် "ဆိုကရေတီး ရိုးရာခရီး"၊ တတိယဆုကို လက်ယာ (မေတ္တာတံခွန်) ရေးသားသည့် "လပြည့်နေ့ဖွား မြန်မာလူကျော်များ" စာမူတို့ကလည်းကောင်း အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မသန့်ဖြူဖြူထွန်း (ဒုတိယနှစ်–ပန်းချီပညာဌာန)နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ မောင်မင်းသုဟန် (ဒုတိယနှစ်–ပန်းချီပညာဌာန) တို့က ရရှိကြသည်။

အကြိမ် (၃၀)မြောက် ပခုက္ကူဦးအုံးဖေဘာကြည့်တိုက်ဆုကို ခင်မောင်ဝင်း (အညာမြေ) ရေးသားသည့် ကျွန်တော်သိသော ကျွန်တော့်ရွာစာအုပ်၊ ဆရာသဲ ရေးသားသည့် သရဇွေးလင်္ကာ အဖွင့်ကျမ်းစာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆုကို ၁၀ သိန်း၊ ပခုက္ကူစာပေဆု ပထမဆုကို ခုနှစ်သိန်း၊ ဒုတိယဆုကို ငါးသိန်းနှင့် တတိယဆုကို လေးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှုးချုပ်၊ စာပေဗိမာန်အမှတ် (၅၂၉–၅၃၀)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာတည်းမှုးချုပ် ၀၁၈–၂၄၀၀၄၈ နှင့် စီမံရေးရာဌာန ၀၁၈–၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာကြည့်တိုက်စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့ပေါ်၌ ယာယီခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများအား ဆန်နှင့် ခေါက်ဆွဲခြောက်ဖာများ ထောက်ပံ့

မြစ်ကြီးနား မေ ၃၁

နယ်မြေမတည်ငြိမ်မှု ဖြစ်စဉ်များကြောင့် တိမ်းရှောင်လာသော ပြည်သူများအား ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခင်ထိန်နန်းသည် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ မြို့ပေါ်ဘာသာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများ စသည့်နေရာပေါင်း ၁၈ နေရာတွင် ယာယီခိုလှုံ နေထိုင်လျက်ရှိသော မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးထောက်ပံ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မြစ်ကြီးနားမြို့ပေါ်နေရာ ၁၈ နေရာတို့တွင် ယာယီခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၄၆ စု လူဦးရေစုစုပေါင်း ၁၇၆၅ ဦးတို့အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၂၅၉၀၀၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ အိတ်ပေါင်း ၃၄၆ အိတ်နှင့် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၅၇၀၉၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ဖာ ၃၄၆ ဖာကို ထောက်ပံ့ပေးအပ်ကြသည်။ **(ယာပုံ)**

ယင်းနောက် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသော မိသားစုဝင်များနှင့် သက်ဆိုင်ရာစခန်းတာဝန်ခံများက မိသားစုများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

ထားဝယ် မေ ၃၁

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီးအဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာဒီပမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက မိမိတို့၏ ရင်သွေးငယ်များ၊ မိမိပတ်ဝန်းကျင်ရှိကလေးများ ပညာသင်ယူမှုအခွင့်အရေး ဆုံးရှုံးစေရန်၊ ပညာရေးမဝေးစေရန် "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်ကြပါစို့" ဆိုသည့် ဆောင်ပုဒ်နှင့် အညီ အချိန်မီကျောင်းအပ်နှံကြရန် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားပြီး ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပညာသည့် အထက်တန်းဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှ ဦးဝင်းနောင်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် မူလတန်း၊ အလယ်တန်းဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံများပေးအပ်ကာ တိုင်းဒေသကြီးအမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၅၀ စီကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မော်လမြိုင်ကျွန်း မေ ၃၁

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန် လျော့ကျလာစေရန် သစ်တောသစ်ပင်ပြန်းတီးမှု မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၃၀ ရက်က တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက တက်ရောက်လာသူများထံ အပင်များ ပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စုပေါင်းကျင်းပသည်။

အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာမူနှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကြည်ဌေးနှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူ ၁၅၀ ခန့်ဖြင့် စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြသည်။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် မေ ၃၁ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဓလ

*** ကျောဖုံးမှ**

ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု(ဂ)တွင် ထိုင်း၊ မလေးရှား၊ တီမောနှင့် ဩစတြေးလျ အသင်းတို့ ပါဝင်နေသည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ–၁၆ အသင်းကို ဂျပန်နိုင်ငံသား မိတမီချီတာယုက ကိုင်တွယ်နေပြီး ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ကျင်းပပြီးစီးခဲ့သည့် FIFA–MFF ယူ–၁၅ လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သည့် ကစားသမားများ၊ အကယ်ဒမီကျောင်းများမှ ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ–၁၆ အသင်းသည် အာရှဖလား ယူ–၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သလို ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သော MNL ယူ–၂၀ လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်(ယာဝုံ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ထို့နောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ထို့နောက် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၉၄၇၉ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများအား ထောက်ပံ့ပေးအပ်သည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး) တို့မှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူ ၄၈၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မလှိုင်မြို့၌ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လူထုအသိပညာပေး Billboard စိုက်ထူပွဲကျင်းပ

မလှိုင် မေ ၃၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမှတ်(၂) ရပ်ကွက် မိတ္ထီလာ-မြင်းခြံကားလမ်းကြီး လှိုင်သာယာပန်းခြံအရှေ့၌ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အကြိုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေးလှုံ့ဆော်ရေး Billboard စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူစုစုပေါင်း ၄၅၅ ဦးတို့ကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

မြဝတ္ထန်း(မလှိုင်)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၁

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဒေါ်မေခင်သိန်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်း တူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာ ပါမောက္ခများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ပါရဂူဘွဲ့ (ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှု မဟာသိပ္ပံဘွဲ့၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန် ဒီပလိုမာ၊ ဆေးဘက်ဆိုင်ရာ အသံလွန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာ၊ ခွဲစိတ်ခန်း

သူနာပြုစုမှုဒီပလိုမာ၊ နှလုံးရောဂါ အထူးပြု သူနာပြုစုမှုဒီပလိုမာ၊ အရိုးရောဂါအထူးပြု သူနာပြုစုမှု ဒီပလိုမာရရှိသူများကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာသည်။

သတင်းစဉ်

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို၊ဂုဏ်ပြု ဆောင်းပါး

သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား‌ဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး

(ယမန်နေ့မှအဆက်)

ဒုတိယအကြိမ်ဆုံးဖြစ်သော အာရေဗျကျွန်းဆွယ်ရှိ အာရေဗျ သဲကန္တာရမှာ စတုရန်းကီလိုမီတာ ၁၃၀၀၀၀၀ ကျယ်ဝန်း‌၏။ ကိုဘီသဲကန္တာရမှာ မွန်ဂိုလီးယား နိုင်ငံတောင်ပိုင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းအထိ စတုရန်းကီလိုမီတာ ၁၃၀၀၀၀၀ ကျယ်ဝန်း‌၏။ တတိယအကြိမ်ဆုံးဖြစ်သော ဂရိတ်စစ်တိုးရီးယား သဲကန္တာရမှာ ဩစတြေးလျနိုင်ငံ တောင်ပိုင်းတွင်ရှိပြီး စတုရန်းကီလိုမီတာ ၆၄၇၀၀၀ ကျယ်ဝန်း‌၏။ စတုတ္ထ အကြိမ်ဆုံးဖြစ်သော ကာလာဟာရီ သဲကန္တာရမှာ ဘော့စဝါနာ၊ နမ်းဘီးယားနှင့် တောင်အာဖရိက နိုင်ငံ အစိတ်အပိုင်းများ အပါအဝင် တောင်အာဖရိက ဒေသအတွင်းတွင် တည်ရှိပြီး စတုရန်းကီလိုမီတာ ၅၀၀၀၀၀ ကျယ်ဝန်း‌၏။

ထိုသဲကန္တာရကြီးများ ဖြစ်ထွန်းမှုများသည် ရာသီဥတုပြောင်းလဲမှု ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံး ပျောက်ကွယ်မှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမား ဆုံးသော စိန်ခေါ်မှုပင်ဖြစ်သည်။ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက **‘ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း’** (UNCCD)ကို တည်ထောင်ခဲ့ပြီး ဆုံးဖြတ်ချက် A/RES/49/115 ဖြင့် နှစ်စဉ် ဇွန်လ ၁၇ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးနေ့”** ဟု သတ်မှတ်ထားခဲ့ခြင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်နေပေသည်။

ထိုသဲကန္တာရကြီးများသည် ကမ်းမခြင်း လမ်းမခြင်းသော သဲပြင်ကျယ်ကြီးများပင်ဖြစ်သည်။ စားပင်၊ သီးပင်အရိပ်ရပင်များ မပေါက်ရောက်နိုင်သော သဲအတိကန္တာရလွင်ပြင်ကြီးသာဖြစ်သည်။ ထိုသဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ရေးကိစ္စကို တွေးတောကြည့်ရုံဖြင့် ဖြစ်နိုင်ပါမည်လားဟူသော သံသယအတွေးများ ဝင်လာနိုင်စရာ ရှိပါသည်။ လူသားတို့သည် စဉ်းစားတွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါဖြစ်သည်ဟု မြန်မာစာ အဘိဓာန်က ဆိုပါသည်။ မှန်ပါသည်။ ထိုတွေးခေါ်တီထွင်ဆန်းသစ်မှုဖြင့် ဤမှုပုံပြင်ခြောက်သွေ့သော သဲကန္တာရကို ပြုပြင်ပြောင်းလဲကာ နေထိုင်ကြသော သာဓကများ ရှိထားပါသည်။ ဆိုရပါလျှင် ထိုသဲကန္တာရမြေဖြစ်သော မြေထဲပင်လယ်ဒေသတွင် အစ္စရေးနိုင်ငံရှိသည်။ အရှေ့အလယ်ပိုင်းနိုင်ငံ တစ်ခု ဖြစ်သည်။ ထိုအစ္စရေးနိုင်ငံတွင် သဲကန္တာရနှင့် ပယ်လယ်သာရှိပြီး သာမန်အားဖြင့် လူများ နေထိုင်ရာ သင့်လျော်သော နေရာဒေသတစ်ခုတော့ မဟုတ်ပါဟု ဆိုရပါ‌ချေမည်။ ထိုဒေသတွင် စိုက်ပျိုးမြေ မဟုတ်သည့် သဲကန္တာရနှင့် သော‌က်သုံး၍မရသည့် ပင်လယ်ဆားငန်ရေသာ ရှိပါသည်။ သို့သော်လည်း လက်ရှိ အခြေအနေအရ ထိုအရပ်ဒေသတွင် ဂျူး နှင့်အာရပ်လူမျိုးသန်းပေါင်းများစွာသည် စည်ကားသိုက်မြိုက်စွာ နေထိုင်လျက်ရှိကြပေသည်။ အံ့သြဖွယ်ရာမှာ ထိုသဲကန္တာရမြေကို ပြုပြင်၍ စိုက်ပျိုးမြေ ဧကပေါင်းများစွာကိုလည်း ထွန်ယက်စိုက်ပျိုး လျက်ရှိနေပါပြီ။ အစ္စရေးနိုင်ငံသည် သဲကန္တာရ စိုက်ပျိုးရေးနည်းသစ်ကို တီထွင်‌၏။ သီးနှံစိုက်ပျိုးပင်များကိုလည်း ဆားငန်ရည်လောင်းပြီး စိုက်ပျိုးနိုင်သည်အထိ ကြံဆောင်နိုင်ပါသည်။

သာမန်ရေချိုများထက် ဆားဓာတ် အဆနှစ်ဆယ် ခန့် ပါဝင်သော ဆားငန်ရေများဖြင့် ကန္တာရမြေပေါ်တွင် စိုက်ပျိုးသီးနှံ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်သည်ဆိုခြင်းမှာ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီအလား တကယ့်ကို မယုံကြည်နိုင်စရာ ဖြစ်နေပါလိမ့်မည်။ မယုံမရှိပါနှင့်၊ အစ္စရေးနိုင်ငံရှိ လယ်သမား‌စိုက်ပျိုးရေးသမားများသည် တစ်နှစ်လျှင် သုံးသီး‌စိုက်ပျိုးကြပြီး ဖရဲ၊ အာလူး၊ ခရမ်း၊ ငရုတ်၊ စွန်ပလွန်၊ ဘူးသီး၊ ထောပတ်သီးနှင့် တခြားသော သစ်သီးဝလံများကို ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ပင် ရှိပါသည်။ ၁၉၉၇ ခုနှစ်ကပင် သီးနှံပျမ်းမျှ အထွက်နှုန်းမှာ တစ်ဧကကို ၁၃ ဒသမ ၅ တန်ထွက်ရှိသည်ဟု သိရသည်။ တိုးတက်လာသော နည်းစနစ်များအရ ယခုအခါတွင် တစ်ဧကကို အသီးအနှံ အနည်းဆုံးတန် ၆၀ ခန့် ထွက်ရှိသည်ဟု သိရှိရသည်။ အစ္စရေးနိုင်ငံတွင် မက်မွန်သီး၊ ဆီးသီး၊ တရုတ်ဆီးသီး၊ ချယ်ရီသီး အစရှိသည့် ရာသီပေါ်သီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး ဥရောပဈေးကွက်သို့ လက်မလည်အောင် တင်ပို့လျက်ရှိသည်။ ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ ဟော်လန် တိုင်းပြည်များကဲ့သို့ ပန်းပေါသော တိုင်းပြည်များသို့ပင် အစ္စရေးပန်းများ ထိုးဖောက်ဝင်ရောက်ပြီး ဈေးကွက်ဝင် အောင်မြင်လျက်ရှိနေပါသည်။ အမေရိကန်နိုင်ငံကလည်း အစ္စရေးတို့၏ သဲကန္တာရမြေပေါ်တွင် စိုက်ပျိုးသီးနှံ ဖြစ်ထွန်းအောင်မြင်မှုကို သဘောကျပြီး လိုက်၍လုပ်ကြည့်သော်လည်း မအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသသည် ရာသီဥတုအကဲဆတ်ပြီး သဘာဝသယံဇာတ ရှားပါးသောဒေသများဖြစ်သည်။ အပူပိုင်းဒေသသည် စတုရန်းကီလိုမီတာ ၅၄၃၉၀ နီးပါးကို ဖုံးလွှမ်းလျက်ရှိပြီး နိုင်ငံကုန်းမြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းနီးပါး ရှိသည်။ လူဦးရေ ၁၈ သန်းရှိပြီး လူနေထူထပ်သည်။ အပူပိုင်းဒေသသည် ရေရှားပါးပြီး သဘာဝပေါက်ပင်ဖုံးလွှမ်းမှုပါးလျားကာ မြေတိုက်စားမှုပြင်းထန်သော ကြောင့် ကြီးမားသော စိုက်ပျိုးရေးစီမံကိန်းများ ချမှတ်ရန် ခက်ခဲသည်။ ထို့ကြောင့် ဤဒေသတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ ချမှတ်ရန် လိုအပ်ကြောင်း ပညာရှင်များက အကြံပြုထားကြသည်။ ဤဒေသတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ ချမှတ်ရန် လိုအပ်ကြောင်း ပညာရှင်များက အကြံပြုထားကြသည်။ ဤဒေသတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ ချမှတ်ရန် လိုအပ်ကြောင်း ပညာရှင်များက အကြံပြုထားကြသည်။

ရှေးယခင်အခါက အစာရေစာ ရှားပါးသည့် ပြဿနာကို အစ္စရေးတို့ ဖြေရှင်းခဲ့သည့် နည်းလမ်းများထဲမှ ထင်ရှားကျော်ကြားသည့်နည်းလမ်းများကို ဖော်ပြပါမည်။

(၁) Drip irrigation – ထိုစနစ်က စိုက်ပျိုးရေးလုပ်ငန်းတွင် ရေဆုံးရှုံးမှုလျော့နည်းလာစေရေးအတွက် လိုအပ်သည့် ရေပမာဏကို စနစ်တကျ တွက်ချက်ပြီး အစက်ချရေပေးသည့် စနစ်ပင်ဖြစ်သည်။ အစ္စရေးနိုင်ငံက စတင်ပြီး ဆန်းသစ်တီထွင်ခဲ့သည့် ထိုနည်းဖြင့် တစ်နှစ်လျှင်သီးထပ်သုံးကြိမ်အထိ သီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းခဲ့သည့်အတွက် ထိုနည်းလမ်းသည် ကမ္ဘာအနှံ့သို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ပြီဖြစ်ပါသည်။ ထိုအစ္စရေးတို့ကို အတုယူပြီး လိုက်လံစိုက်ပျိုးခဲ့သည့် နိုင်ငံများထဲတွင် အာဖရိက နိုင်ငံများက များစွာအကျိုးဖြစ်ထွန်းခဲ့သည်ဟု သိရှိရပါသည်။ ထိုအစက်ချစိုက်ပျိုးမှုကို ကျွန်ုပ်ကိုယ်တိုင်ပင် ပုသိမ်စက်ခေါင်းရုံ၌ တာဝန်ထမ်းစဉ်က စက်ရုံမြေလွှတ်ခြံထဲတွင် သံပရာ၊ ခရမ်း၊ ငရုတ်စသည့် စားပင်များစိုက်ပျိုးရာတွင် ရေသန့်ဘူးများကို ဖင်ဘက်မှဖြတ်ပြီး အဖုံးတွင် အပေါက်သေးသေးဖောက်ကြိုးစထည့်၍ ဇောက်ထိုး ချိတ်ဆွဲကာ ရေထည့်ရပါသည်။ ထိုကြိုးစဖြင့် အမြစ်ရင်းသို့ အစက်ချ၍ စိုက်ပျိုးခဲ့ရာ ရေကုန် အလွန်သက်သာပြီး အောင်မြင်မှုများစွာ ရရှိခဲ့ဖူးပါသည်။ ရေရှားပါးသည့် ဒေသများတွင် စိုက်ပျိုးနိုင်သည့် နည်းလမ်းကောင်းလည်း ဖြစ်ပါသည်။

(၂) Grain Cocoons – ရိတ်သိမ်းပြီးသား စပါး၊ ပြောင်းအစရှိသည့် စိုက်ပျိုးသီးနှံများကို မိုးတက်ခြင်း၊ ပိုးမွှားများကြောင့် ပျက်စီးခြင်းမှ ကာကွယ်ရန်အတွက် အစ္စရေးတို့ တီထွင်ခဲ့သည့် သိုလှောင်မှုနည်းလမ်းသစ် ဖြစ်ပါသည်။ သိုလှောင်မှု ကုန်ကျစရိတ်မှာလည်း သက်သာခြင်းကြောင့် အာရှနိုင်ငံနှင့် အာဖရိကနိုင်ငံများတွင်ရှိသည့် လယ်ယာစိုက်ပျိုးနိုင်သည့် နိုင်ငံများသည် လိုက်လံ၍ အတုယူခဲ့သည်ဟု သိရှိရပါသည်။ ထိုမျှပင်မကသေးပါ အလွန်ရိုးရှင်းသည့်နည်းလမ်းများဖြင့် တောင်သူလယ်သမားများအတွက် လွယ်ကူစွာသုံးစွဲနိုင်သည့် အလွန်အကျိုးရှိသည့် နည်းလမ်းတစ်ခုပင် ဖြစ်ကြောင်း သိရှိရပေသည်။

(၃) Growing potatoes with saltwater – ဆားငန်ရည်ဖြင့် အာလူးစိုက်ပျိုးခြင်းနည်းလမ်း ဖြစ်သည်။ အရှေ့အလယ်ပိုင်း နိုင်ငံများကဲ့သို့ ပူပြင်းသည့် ဒေသများတွင် စိုက်ပျိုးရန်မဖြစ်နိုင်သည့် ထိုအာလူးကဲ့သို့သော သီးနှံမျိုးကို နှစ်ပေါင်း ၃၀ တိတိ လေ့လာပြီး စိုက်ပျိုးနိုင်ခဲ့ခြင်းမှာ အတုယူလေးစားအားကျဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။ အစ္စရေးတို့၏ နည်းပေးလမ်းပြမှုဖြင့် ယခုအခါရေရှာပါးသည့် ဒေသများတွင် ပင်လယ်က ဆားငန်ရည်ကို အသုံးပြု၍ အာလူးများဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ကြပြီဖြစ်ပါသည်။

(၄) Biological pest control – သဘာဝနည်းလမ်းများကို အသုံးပြုပြီး အသီးအနှံများကို အင်းဆက်ပိုးမွှားများ ကျရောက်ခြင်းဒဏ်မှ ကာကွယ်သည့် နည်းလမ်း ဖြစ်ပါသည်။ အစ္စရေးတို့သည် ပျား၊ ပိတုန်းစသည့်လူသားအကျိုးပြုသည့် အင်းဆက်များကို သီးနှံဖျက်အင်းဆက်များရန်မှ ကာကွယ်ရန်အတွက် အသုံးပြုခဲ့ကြခြင်းပင်ဖြစ်သည်။ ယခုအခါတွင် Bio-Bee ကုမ္ပဏီသည် ဂျပန်မှစ၍ ချီလီ အစရှိသည့်နိုင်ငံပေါင်း ၃၂ နိုင်ငံအထိ လူသားအကျိုးပြုပိုးမွှားများ၊ ပျား၊ ပိတုန်းများကို ဖြန့်ဝေပြီးဖြစ်ပါသည်။ ထင်ရှားသည့် သာဓကမှာ ကယ်လီဖိုးနီးယားမှ စတော်ဘယ်ရီသီးများ၏ ပိုးမွှားကျရောက်ခြင်းကို တန်ပြန် လူသားအကျိုးပြု ပိုးမွှားများဖြင့် သစ်ပင်သီးနှံများကို ဆိုးကျိုးဖြစ်စေသည့် ပိုးမွှားများ၏ရန်မှ ကာကွယ်ပေးခြင်း ဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် အစ္စရေးနိုင်ငံအတွင်းတွင် ပိုးမွှားများရန်ကာကွယ်ရန် ထုတ်လုပ်ထားသည့် ဓာတုဗေဒဆေးများအသုံးပြုခြင်းကိုလည်း ၇၅ ရာခိုင်နှုန်းခန့် လျော့ချနိုင်ခဲ့ကြောင်း သိရှိရသည်။

ပန်းမြိုင်လယ်စိန်ဝင်း

(၅) Squeezing every drop of water from the air – ရေးခေတ်ကာလက ရေကို ကျောက်တုံးများမှ ရယူသည့်နည်းလမ်းကို အစ္စရေးလူမျိုးများက အသုံးပြုခဲ့ကြပေသည်။ ယခုအချိန်တွင်မူ ပိုပြီးတိုးတက်သည့် နည်းလမ်းအသစ်များနှင့် လေထုအတွင်းမှ ရေကိုရယူသည့် နည်းလမ်းများဖြင့် ရရှိအောင်ဖန်တီးပြီး အသုံးပြုနေကြပြီ ဖြစ်ပါသည်။ နေ့စဉ် ညစဉ်အပူချိန်ပြောင်းလဲမှုကြောင့် လေထုအတွင်း ငွေ့ရည်ဖွဲ့မှုများမှတစ်ဆင့် လေထုထဲက ရေကို အပင်တစ်ပင်ချင်းစီ၏အမြစ်ဆီသို့ ရောက်ရှိရန် Tal Ya tray ဟု ခေါ်သည့် ပလတ်စတစ်ပုံစံခွက်ကလေးများမှ ပို့ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

(၆) Dairy farming – မွေးမြူရေးလုပ်ငန်းနှင့် နို့ထွက်ပစ္စည်း အထွက်နှုန်းကောင်းအောင် လုပ်ဆောင်ခြင်း နည်းလမ်းတစ်ခုဖြစ်သည်။ ယခုအချိန်တွင် အာဖိနှင့် ဆီအာဖင်ကီကုမ္ပဏီတွင် နွားကောင်ရေပေါင်း သုံးသောင်းကို ခေတ်မီကွန်ပျူတာနှင့် မွေးမြူရေး နည်းလမ်းများကို အသုံးပြုပြီး မွေးမြူနိုင်ရန်အတွက် ဗီယက်နမ်တွင် လုပ်ဆောင်နေပြီ ဖြစ်ပါသည်။ ထိုလုပ်ဆောင်ချက်သည် ကမ္ဘာပေါ်တွင်အကြီးဆုံး နွားမွေးမြူရေးလုပ်ငန်းတစ်ခု ဖြစ်လာစေမည် ဖြစ်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကပင် ထိုမွေးမြူရေးဆိုင်ရာလုပ်ငန်း အထွက်တိုးစေဖို့ အစ္စရေး နိုင်ငံသို့ ပညာတော်သင်များပင် စေလွှတ်ရသည်ဟု တွေ့ရှိမှတ်သားရပါသည်။

(၇) Fishes in the desert – သဲကန္တာရအတွင်း ငါးမွေးမြူရေး နည်းလမ်းပင်ဖြစ်သည်။ မည်သည့် နေရာတွင်မဆို ငါးမွေးမြူနိုင်သည့် အထူးပြုလုပ်ထားသော ငါးမွေးကန်များ၊ ရေတိုင်ကီအကြီးစားများဖြင့် ငါးမွေးမြူသည့်နည်းလမ်းပင် ဖြစ်သည်။ နိုင်ငံတကာမှ ငါးနှင့် ပင်လယ်စာကို ဝယ်လိုအားမှာ နှစ်စဉ်မြင့်တက်နေသည့်အတွက် အစ္စရေးနိုင်ငံအတွက် ငါးမွေးမြူရေးလုပ်ငန်းမှာလည်း နှစ်စဉ် ပျမ်းမျှ ၆ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိနေပါသည်။ ငါးမွေးမြူရာတွင် ပြင်ပ၌မွေးမြူလျှင် ရောဂါကျရောက်ခြင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးကြံ့ရခြင်းစသည်တို့ တွေ့ကြုံနိုင်ပြီး တီထွင်ဆန်းသစ်သောနည်းလမ်းဖြင့် ယခုအခါတွင် တိုက်များအတွင်းထဲ၌ မွေးမြူခြင်းသာမက မည်သည့်နေရာတွင်မဆို ငါးမွေးမြူနိုင်သည့် GFA (Grow Fish Anywhere) Advanced Systems ကို အသုံးပြုသည့် မွေးမြူရေးနည်းလမ်းပင် ဖြစ်ပါသည်။ ဆိုရပါလျှင် အစ္စရေးနိုင်ငံသည် စိုက်ပျိုးနည်းပညာ မြင့်မားသောနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းလမ်းများကို ထိုနိုင်ငံမှ စနစ်တကျသင်ယူခြင်းဖြင့် မြန်မာနိုင်ငံအတွက် လွန်စွာအကျိုးရှိနိုင်မည် ဖြစ်ပြီး အစာရေစာ တန်ဖိုးမြင့်မားမှု၊ ရှားပါးမှုကို ဖြေရှင်းနိုင်မည်သာမက စိုက်ပျိုးရေးနိုင်ငံအတွက် တိုးတက်ကြီးပွားရာဟု အကြံပြုလိုပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသသည် ရာသီဥတုအကဲဆတ်ပြီး သဘာဝသယံဇာတရှားပါး သောဒေသများဖြစ်သည်။ အပူပိုင်းဒေသသည် စတုရန်းကီလိုမီတာ ၅၄၃၉၀ နီးပါးကို ဖုံးလွှမ်းလျက်ရှိပြီး နိုင်ငံကုန်းမြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းနီးပါး ရှိသည်။ လူဦးရေ ၁၈ သန်းရှိပြီး လူနေထူထပ်သည်။ အပူပိုင်းဒေသသည် ရေရှားပါးပြီး သဘာဝပေါက်ပင် ဖုံးလွှမ်းမှုပါးလျားကာ မြေတိုက်စားမှုပြင်းထန်သော ကြောင့် *စာမျက်နှာ ၁၁ သို့*

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ကယားပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

လွိုင်ကော် မေ ၃၁

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ ကယားပြည်နယ်အနေဖြင့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိစေရန်နှင့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် မိမိတို့ပြည်နယ်အနေဖြင့် အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှု ရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှု လေ့ကျင့်ခြင်းနှင့် ပြိုင်ပွဲကို စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကော်မတီအလိုက် တာဝန်ရှိသူများက လိုအပ်ချက်များကို ယခုကတည်းက စတင်ပြင်ဆင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ကလည်း လိုအပ်ချက်များအား အကောင်းဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် တက်ရောက်လာသည့် ကော်မတီအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီးတို့က ကယားပြည်နယ်အနေဖြင့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စခန်းသွင်းလေ့ကျင့်မှု၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကယားပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအလိုက် အုပ်ချုပ်သူနည်းပြများက အွန်လိုင်းမှတက်ရောက်၍ အားကစားနည်းများအလိုက် အောင်နိုင်မှုရရှိစေရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေးခြင်းနှင့် ကော်မတီအလိုက်ဥက္ကဋ္ဌ အတွင်းရေးမှူးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးအတွက် ကျောက်နီမွေးမြူရေးဇုန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး မေ ၃၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တောင်ကြီး-မြို့နယ် ဆင်တဲကျေးရွာရှိ တောင်ကြီး-ရပ်စောက် သွားလမ်းပေါ်ရှိ ဆင်တဲတံတားကြွှိခိုင်မှု ပိုမိုကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော တောင်ကြီး-ရပ်စောက်သွားလမ်း မိုင်တိုင် အမှတ် ၁၀/၅-၁၁/၀ အကြား မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်နေရာတွင် တာပေါင်မြှင့်ခြင်းဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာနပိုင် (ကျောက်နီစိုက်ကွင်း) အတွင်း မွေးမြူရေးဇုန်များ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး **(အောက်ပုံ)** ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်မှူးက မွေးမြူရေးဇုန်အတွင်း လမ်းများဆောင်ရွက်ထားရှိမှုနှင့် ရေအရင်းအမြစ် ပြည်နယ်မှူးတို့က စက်ရေတွင်းတူးဖော်ထားရှိမှု၊ လျှပ်စစ်ဓာတ်အား ရရှိရေးတို့ကို သက်ဆိုင်ရာဌာနများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များက လိုအပ်ချက်များတင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မွေးမြူရေးဇုန်အတွင်း ဆောင်ရွက်မည့် Super Seven Stars ကုမ္ပဏီမှ နို့စားနွားမွေးမြူမည့်အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆောင်ခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆိုလာစနစ်ဖြင့် စက်ရေတွင်းမှ ရေတင်နေမှုနှင့် ဇုန်အတွင်း နို့စားနွားအတွက် စိုက်ပျိုးထားသော မြက်များ၊ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

ပခုက္ကူခရိုင်အဆင့် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ပခုက္ကူ မေ ၃၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အဆင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်က အမှာစကား ပြောကြားကာ နိုင်ငံတော်ကထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗဟုသုတစာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာ ဆရာမများက လက်ခံရယူကြသည်။ ပခုက္ကူခရိုင်အနေဖြင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ်အတွက် အထက်တန်းအဆင့် ၄၇၉၅ ဦး၊ အလယ်တန်းအဆင့် ၉၇၁၆ ဦး၊ မူလတန်းအဆင့် ၃၃၀၆၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၇၅၇၅ ဦး ကျောင်းအပ်လက်ခံရရှိသည်။ **ဘာမီသာ(ပခုက္ကူ)**

စာမျက်နှာ ၁၀ မှ

မြေဆီလွှာအရည်အသွေးနိမ့်သည်။ လွန်ကဲသည့် အပူချိန်နှင့် မိုးရေချိန်မညီမျှမှုကြောင့် စားနပ်ရိက္ခာဖူလုံမှု လျော့ကျပြီး သဘာဝပတ်ဝန်းကျင်အရည်အသွေးမှာလည်း လျော့ကျမှုဆိုးရွားလာနေသည်ကို ကြုံတွေ့နေကြရပေသည်။ ထို့ကြောင့် မြန်မာပြည် အပူပိုင်းဒေသရှိ ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် ရာသီဥတုပြောင်းလဲမှု၏ သေးအန္တရာယ် အလားအလာများအား ဖြေရှင်းဆောင်ရွက်ခြင်း စီမံချက်သည် ဒေသခံလယ်သမားများ၏ ထိခိုက်ခံရလွယ်မှု အခြေအနေကို လျော့ချရန် လူထုအခြေပြု သဘာဝ သယံဇာတစီမံခန့်ခွဲမှုနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို အားပေးတိုက်တွန်းလျက်ရှိပါသည်။

အတိအကျဆိုရပါလျှင် စီမံချက်၌ မြေဆီဩဇာအရည်အသွေး ယုတ်လျော့သွားသော မြေ ၈၀၆၂ ဟက်တာနီးပါးကို ပြန်လည်ပြုပြင်၍ သစ်ပင်ပြန်လည်စိုက်ပျိုးခြင်းပြုလုပ်ပြီး ရေစုပ်စက်ဖြင့် ရေတင်စနစ် ၇၀ ၊ အဝီစီရေတွင်း ၃၂ တွင်း၊ မိုးရေသိုလှောင်နိုင်ရန်ကျေးရွာပိုင် မိုးရေလှောင်ကန် ၅၆ ကန် အပါအဝင်အငယ်စားသောက်သုံးရေစနစ်တို့ကို ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် အများသုံးရေကန် ၁၃၆ ကန်ကိုလည်း အသစ်ပြန်လည်ပြုပြင်ပေးပြီး မြေဆီလွှာအရည်အသွေး မြှင့်တင်ခြင်းနှင့် သောက်သုံးရေထိန်းသိမ်းခြင်း နည်းပညာများကို လက်တွေ့သရုပ်ပြပေးခဲ့ရာ ယခုအခါ ဟက်တာ ၁၆၀၀ အကျယ်အဝန်းရှိ မြေပေါ်တွင် အသုံးပြုလျက်ရှိပါသည်။

မြေယာပြန်လည်ပြုပြင်ဖို့ သစ်ပင်အတူ စိုက်ကြစို့

ယခုနှစ်နွေရာသီတွင် မြန်မာနိုင်ငံရှိ ချောက်မြို့သည် ကမ္ဘာ့အပူဆုံးစံချိန်ကိုချိုးကာ အပူဆုံးမြို့အဖြစ်ရောက်ရှိခဲ့သည်ကိုလည်း သတိမူသင့်ပါပြီ။ အပူဒဏ်ခံနိုင်ရန် ချောက်မြို့နှင့် မြန်မာပြည် အနှံ့အပြားတွင် အရိပ်ရပင်များ၊ နှစ်ရှည် သီးပင်စားပင်များစိုက်ပျိုးရန် စေတနာရှင် ပရဟိတအဖွဲ့များက နိုင်ငံတော်၏ လမ်းညွှန်စီမံချက်ကို ခံယူကာ စိုက်ပျိုးနေကြပြီး ထပ်မံစိုက်ပျိုးရန်လည်း ပြင်ဆင်နေကြပြီဖြစ်သည်။ ကုလသမဂ္ဂ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေး ဆယ်စုနှစ်ဖြစ်သော (၂၀၂၁-၂၀၃၀) သည် ယနေ့ရင်ဆိုင်နေရသော သဘာဝဒဏ်ဖြစ်ထွန်းမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲ မျိုးသုဉ်းပျောက်ကွယ်မှုများကို တားဆီးကုစားနိုင်မည့် ထူးခြားသည့် အခွင့်အလမ်း တစ်ရပ်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အကျိုးဆက်စပ် ပတ်သက်သူများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ပြည်သူများအားလုံး ပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ အပူပိုင်းဒေသ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် သဲကန္တာရတိုက်ဖျက်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် ဒေသန္တရကိုကိုညီသည့် ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ ပူပြင်းခြောက်သွေ့မှု၊ သဲကန္တာရဖြစ်ထွန်းနိုင်မှု အခြေအနေများကို တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် စိမ်းလန်းစိုပြည်သော၊ ရာသီဥတု မျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်ပေါ်လာစေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း၊ စက်သုံးဆီ စွမ်းအင်ဆီ ချွေတာခြင်း၊ လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုကို ကာကွယ်ခြင်း၊ ချွေတာသုံးစွဲခြင်းဖြင့် ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုရင်း ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"(Land restoration, desertification and drought resilience.)** ဟူသည့် လမ်းညွှန်ချက်အတိုင်း ပိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ကိုးကား -

၁။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေဦးစီးဌာန ဌာနဆိုင်ရာအချက်အလက်များ (၂၀၂၂)နှစ် ၂၀ ပြည့်အထိမ်းအမှတ် မှတ်တမ်းစာအုပ်၊

၂။ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ပြန်ကြားရေးဝန်ကြီးဌာန (၂၀၁၅)၊

၃။ နေ့စဉ်ထုတ်နိုင်ငံတော် သတင်းစာများ

၄။ ကိုယ်ပိုင်မှတ်စုများ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေး

မုံရွာ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၅/၂၀၂၄) အစည်းအဝေးကို မေ ၃၀ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်ကမိမိတို့တိုင်းဒေသကြီးအတွင်း ခရီးသွားလာကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေ ချောမွေ့စေရန် သယ်ယူပို့ဆောင်ရေး စနစ်များ၊ လေယာဉ်ခရီးစဉ်မှသည် ယာဉ်၊ ရထား၊ တက္ကစီအထိ ပြည့်စုံကောင်းမွန်အောင် ဖန်တီးပေးရမည် ဖြစ်ကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများကလည်း ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုများ အကောင်းဆုံးပေးသွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိတို့တိုင်းဒေသကြီးသည် အပူပိုင်းဒေသဖြစ်၍ သစ်ပင်စိုက်ရာသီ၌ သစ်ပင်များများ စိုက်ပျိုးသွားရန်နှင့် လေထုညစ်ညမ်းမှုမရှိစေရေး၊ ပလတ်စတစ်သုံးစွဲမှု လျော့ချရေး စီမံချက်အပါအဝင် ခရီးသွားလုပ်ငန်း အထောက်အကူပြု လုပ်ငန်းများကိုပါ စီစဉ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်ရေး တို့အတွက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားဥယျာဉ်ဦးစီးဌာနမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ၏ (၄/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင်များနှင့် ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး အခြေအနေများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဟိုပုံးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟိုပုံး မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဟိုပုံး-လွိုင်လင် ပြည်ထောင်စုလမ်းမကြီးဘေးနမ့်ပေါ်ဟွန်းကျေးရွာအနီး၌ ကျင်းပသည်။

မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကား ပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဒေသခံပြည်သူများကိုလည်းကောင်း၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်က မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒေသခံပြည်သူများကို လည်းကောင်း စိုက်ပျိုးရန် ပျိုးပင်များပေးအပ်ပြီး တာဝန်ရှိသူများ၊ ဟိုပုံးတပ်နယ်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခါတော်မီအပင် ၁၁၀၊ ချယ်ရီအပင် ၁၁၀၊ စိန့်ပန်းနီအပင် ၁၁၀၊ စိန့်ပန်းပြာအပင် ၁၁၀၊ ထင်ရှူးအပင် ၁၀၀ စုစုပေါင်းအပင် ၅၄၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ပအိုဝ်းဒေသ (ပြန်/ဆက်)

မြန်မာစာ မြန်မာစကား

မှားတတ်သော ပါဠိပါဠ်ဆင့်စာလုံးများ

'ဏကြီး၊ နငယ်'တို့ အောက်က **'ဍ၊ ဌ၊ ဥ၊ တ၊ ဒ'**တို့ကို ဆင့်၍ ရေးရသော ပါဠိစကားလုံးများရှိသည်။ ထိုပါဠိစကားလုံးများကို ရေးရာတွင် ပါဠိဘာသာနှင့် အကျွမ်းမဝင်သည့်အတွက် စာလုံးပေါင်း မှားတတ်သည်။

ကဏ္ဍကောစ	=	ဆူးငြောင့်၊ ရန်လုပ်ခြင်း၊ နောင့်ယှက်ခြင်း
ကဏ္ဍဌာန်	=	လည်ချောင်းအရပ်
ကဏ္ဍ	=	အပိုင်း၊ အခန်း
ကဏ္ဍကမြင်း	=	သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်မြင်း
ကဏ္ဍသုခ	=	နားဝင်ချိုခြင်း
ကန္တာရ	=	ခက်ခဲသောခရီး၊ ခရီးခဲ
ကန္ဒရဝတီ	=	ချောက်၊ ဂူ ၊ လိုဏ် ပေါများသောဒေသ
ဂဏ္ဌိ	=	ခက်ဆစ်အဖွင့်ကျမ်း
ပဏ္ဍိတ	=	ပညာရှိ
ပဏ္ဍုကမွေလာ	=	သိကြားမင်းစံရာ ကျောက်ဖျာ

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

ချောက်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ချောက် မေ ၃၁

မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနီလာလှ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မေ ၂၉ ရက်က ချောက်မြို့နယ်အတွင်းရှိ ပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ကွင်းဆင်းကုသမှုပေးရာတွင် ဆေးရုံအုပ်ကြီးဦးဆောင်သော ပါမောက္ခ ဆီးချိုအထူးကု၊ တွဲဖက်ပါမောက္ခ ကင်ဆာဆေးကု၊ တွဲဖက်ပါမောက္ခ နာ၊ နာခေါင်း၊ လည်ချောင်းအထူးကု၊ အရိုးခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု ကွင်းဆင်းအဖွဲ့များနှင့်အတူ ချောက်မြို့နယ်ဆေးရုံနှင့် ရေနံချောင်းဆေးရုံတို့မှ မျက်စိအထူးကု၊ သားဖွားမီးယပ်အထူးကု၊ အထွေထွေအထူးကုသမားတော်၊ ဓာတ်မှန်ဆရာဝန်နှင့် သွားဆရာဝန်အပါအဝင် လက်ထောက်ဆရာဝန်များပူးပေါင်း၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေဖြိုးဇော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက လာရောက်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ယင်းနေ့တွင် အထွေထွေလူနာ ၂၉၁ ဦး၊ ခွဲစိတ်လူနာ ၃၈ ဦး၊ သားဖွားမီးယပ်လူနာ ၄၈ ဦး၊ ကလေးလူနာ ၁၇ ဦး၊ အရိုးအကြောလူနာ ၃၈၀၊ သွားလူနာသုံးဦး၊ မျက်စိလူနာ ၂၆၈ ဦး၊ နား၊ နာခေါင်း၊ လည်ချောင်းလူနာ ၁၁၄ ဦး၊ ကင်ဆာဆေးကု ခုနစ်ဦး၊ ဆီးချိုလူနာ ၄၀ စုစုပေါင်းလူနာ ၁၂၀၆ ဦးကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျော်မိုး (ပြန်/ဆက်)

ဧမျူသီရိမြို့နယ်၌ ဘင်ခရာသင်တန်းဆင်း

နေပြည်တော် မေ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမျူသီရိမြို့နယ်၌ ဘင်ခရာသင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အ.ထ.က (၆) နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ ဘင်ခရာသင်တန်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ပုံပို့မှု၊ နေပြည်တော်ပညာရေးမှူး၏ ညွှန်ကြားမှု၊ အ.ထ.က (၆) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ် ညွှန်ကြားမှုနှင့်အတူ တပ်တော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ နည်းပြများ၏ အကူအညီနှင့် ဧပြီ ၂၂ ရက်မှ မေ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားသို့

သင်တန်းနှည်းပြ ရှစ်ဦး၊ သင်တန်းသား ၁၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

❑ *ကျောဖုံးမှ*

စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒဿမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ယာဉ်ပိုင်ရှင် ကျော်စွာထွန်း၊ ထွန်းထွန်း(ခ) မောင်မောင်နှင့် ရန်နောင်ထွေး(ခ) နောင်နောင်တို့အား ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ယင်းမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သမ္မတဟောင်းထရမ့်အား လျှို့ဝှက်ငွေပေးချေမှုအပါအဝင် ရုံးတင်စစ်ဆေးသည့်စွဲချက်အားလုံး အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိ

နယူးယောက် မေ ၃၁

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီက ညစ်ညမ်းကြယ်ပွင့်တစ်ဦးအား လျှို့ဝှက်ငွေပေးချေမှုကိုဖုံးကွယ်ရန် ကြိုးပမ်းမှုတွင် မှတ်တမ်းအတုပြုလုပ်မှု ၃၄ မှုစလုံးတွင် အပြစ်ရှိကြောင်း မေ ၃၀ ရက်က နယူးယောက်ရှိ ဂျူရီလူကြီးများက စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရသည့် ပထမဆုံးသော အမေရိကန်သမ္မတဟောင်းတစ်ဦး ဖြစ်လာခဲ့သည်။

အဆိုပါလျှို့ဝှက်ငွေပေးချေမှုကိစ္စတွင် ထရမ့်နှင့် အပြာရုပ်ရှင်သရုပ်ဆောင် စတော်မီဒန်နီယယ်စ်တို့ အကြား ၂၀၁၆ ခုနှစ် လိင်ပိုင်းဆိုင်ရာ တွေ့ဆုံမှုနှင့် ပတ်သက်ပြီး လူသိရှင်ကြားထုတ်ဖော်ခြင်း မပြုရန် အတွက် စတော်မီဒန်နီယယ်စ်အား ထရမ့်၏ ရှေ့နေဟောင်း မိုက်ကယ်ကိုဟင်မှတစ်ဆင့် ဒေါ်လာ ၁၃၀၀၀၀ ပေးချေခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငွေပေးချေမှုတွင် အမှန်တကယ်ငွေပေးချေခဲ့သည့်ကိစ္စကို ဖုံးကွယ်ရန်အတွက် "တရားဝင်အသုံးစရိတ်"အဖြစ် မှားယွင်းစွာ မှတ်တမ်းရေးသွင်းခဲ့ကြောင်း အစိုးရရှေ့နေက စွဲချက်တင်ထားသည်။

ယင်းအမှုကို တရားသူကြီး ဂျူအန်မာချန်က စီရင်ချက်ချမည့်ကြားနာမှုကို ဇူလိုင် ၁၁ ရက်တွင် လုပ်ဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမှု၏ အမြင့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ်လေးနှစ်ဖြစ်ပြီး အယူခံရယူပိုင်ခွင့်မရှိပေ။

လက်ရှိတွင် ထရမ့်သည် လျှို့ဝှက်ငွေပေးချေမှုကိစ္စ၊ မာအေလာဂိုစာရွက်စာတမ်းကိစ္စ၊ ရွေးကောက်ပွဲဝင်ရောက်စွက်ဖက်မှုကိစ္စနှင့် ဇန်နဝါရီ ၆ ရက် ကက်ပီတိုလ် အဓိကရုဏ်းစုံစမ်းစစ်ဆေးခြင်းတို့ အပါအဝင် ပြည်ထောင်စုနှင့် ဒေသဆိုင်ရာအဆင့်များ

တွင်တရားစွဲဆိုမှုများ ဆက်တိုက်ခံနေရပြီး လျှို့ဝှက်ငွေပေးချေမှုကိစ္စသည် ရွေးကောက်ပွဲမတိုင်မီ စီရင်ချက်ချမည့် တစ်ခုတည်းသောကိစ္စဟု ယူဆရကြောင်း သိရသည်။ **ဆင်ဟွာ၊ အင်အိတ်ချ်ကေ**

အိန္ဒိယနိုင်ငံ ဩဒိဿပြည်နယ်၌ အပူလျှပ်ခြင်းကြောင့် ၁၄ ဦးထက်မနည်း သေဆုံး

နယူးဒေလီ မေ ၃၁

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩဒိဿပြည်နယ်၌ အပူလျှပ်ခြင်းဟု သံသယဖြစ်ဖွယ် အခြေအနေကြောင့် ၁၄ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု အေအိုင်အာရေဒီယိုတွင် မေ ၃၁ ရက်က ဖော်ပြသည်။

မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် သေဆုံးမှုများမှာ လက်ရှိဖြစ်ပေါ်နေသည့် အပူလှိုင်းနှင့်ဆက်စပ်မှုရှိနိုင်သည်ဟု ဆရာဝန်များက ပြောသည်။ ရောဂါလာ အစိုးရဆေးရုံတွင် ၁၀ ဦး သေဆုံးခဲ့ပြီး ဆန်ဒရာဂရက်ဖ် ခရိုင်ဆေးရုံတွင် လေးဦးသေဆုံးခဲ့သည်ဟု အစီရင်ခံစာများအရ သိရသည်။

ရှစ်ဦးမှာ ရောဂါလာဆေးရုံသို့ ရောက်ရှိလာသည့်အခါ သေဆုံးနေကြပြီဖြစ်ပြီး ကျန်သေဆုံးသူများမှာမူ ကုသမှုခံယူရင်းသေဆုံးခဲ့ကြခြင်း ဖြစ်သည်။ ဆေးရုံအာဏာပိုင်များက ရင်ခွဲစစ်ဆေးမှု ပြုလုပ်ပြီးနောက် သေဆုံးရသည့် အကြောင်းကို ရှာဖွေနိုင်လိမ့်မည်ဟု အေအိုင်အာရေဒီယိုတွင် ဖော်ပြခဲ့သည်။

ဩဒိဿ ပြည်နယ်သည် ပြင်းထန်သည့်အပူလှိုင်း ပြည်နယ်အတွင်း အချို့နေရာများတွင် အပူချိန် ၄၅ ဒီဂရီ ဆဲလ်စီးယပ်အထက် ကျော်လွန်နေသည်။ ပြည်နယ်အတွင်း အပူဆုံးနေရာဖြစ်သည့် ဂျာဆူဂူဒါတွင် မေ ၃၀ ရက်က အပူချိန် ၄၇ ဒီဂရီဆဲလ်စီးယပ်ရှိသည်။

အပူနှင့် ပတ်သက်သည့် ပြဿနာများကြောင့် ဆေးရုံတက်ကုသမှုခံယူရသည့် လူနာများရှိကြောင်း အာဏာပိုင်များက ပြောသည်။ ပြည်သူများအနေဖြင့် အပူရှိန်နှင့် ထိတွေ့ခြင်းမှ ရှောင်ရှားရန်၊ အေးမြသည့်နေရာတွင် နေထိုင်ရန်နှင့် ရေကို လုံလောက်စွာ သောက်သုံးရန် အိန္ဒိယမိုးလေဝသဌာနက အကြံပြုထားသည်။ **ဆင်ဟွာ**

ဘရာဇီးနိုင်ငံတောင်ပိုင်း၌ ရေကြီးမှုနှင့်ဆက်စပ်သည့် ကူးစက်ရောဂါအန္တရာယ် ရင်ဆိုင်နေရ

တိုကျို မေ ၃၁

ဧပြီလနှောင်းပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းသဖြင့် ပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ ဒေသခံများ၌ ကူးစက်ရောဂါများဖြစ်ပွား တိုးလာလျက်ရှိသည်။

ရေကြီးရေလျှံမှုများကြောင့် ရီရိုဂရန်ဒီဒိုဆူးလ်ပြည်နယ်မှ လူ ၁၆၉ ဦး သေဆုံးပြီး ၅၈၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူများက အတည်ပြုသည်။

ရေလွှမ်းမိုးမှုဒဏ်ခံ ဒေသအများအပြားသည် တစ်လနီးပါးကြာ ရေများဖုံးလွှမ်းနေသောကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုအခြေအနေ မှာလည်း ယိုယွင်းလာသည်။

အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အခြားရောဂါလက္ခဏာများ ဖြစ်စေသည့် လက်ပ်တိုစပိုင်ရိုးစစ်ကူးစက်ရောဂါ ဖြစ်ပွားမှုလျင်မြန်စွာ တိုးလာကြောင်း၊ မေ ၂၉ ရက်အထိ ကူးစက်ခံရသူ ၁၄၁ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း ပြည်နယ်အာဏာပိုင်များက ပြောသည်။ မေးခွန်းနှင့် တုပကြွေးရောဂါပြန့်ပွားမှုကိုလည်း တာဝန်ရှိသူများက စိုးရိမ်နေကြသည်။

အင်န်အိတ်ချ်ကေ

နှစ်ရက်အတွင်း ပါကစ္စတန်နိုင်ငံမှ နေရပ်ပြန်အာဖဂန်နိုင်ငံသား ၉၀၀ ကျော်ရှိ

ကာဘူလ် မေ ၃၁

လွန်ခဲ့သည့်နှစ်ရက်ကျော်အတွင်း အိမ်နီးချင်း ပါကစ္စတန်နိုင်ငံမှ မွေးရပ်ဌာနေ အာဖဂန်နစ္စတန်နိုင်ငံသို့ပြန်လာသည့် နေရပ်ပြန် ၉၀၀ ကျော်ရှိကြောင်း ခုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက မေ ၃၁ ရက်ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အဆိုပါခုက္ခသည်များသည် တော်ခမ်းနှင့် စပင်ဘော်ဒတ်နယ်စပ်မြို့တို့မှတစ်ဆင့် အာဖဂန်နိုင်ငံသို့ပြန်လာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်အိမ်စောင့်အစိုးရသည် နယ်စပ်ဖြတ်ကျော်နေရာများတွင် နေရပ်ပြန်မိသားစုများထံသို့ ယာယီအစိုးအကာများနှင့် အခြားမရှိမဖြစ် လိုအပ်သည့်အကူအညီအထောက်အပံ့များအပါအဝင် လိုအပ်သည့် ထောက်ပံ့မှုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မတ် ၂၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၁၉ ရက်အထိ အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နေရပ်ပြန် ၁ သောင်း ၅ သန်းကျော် ပြန်လာခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်အိမ်စောင့်အစိုးရသည် ပြည်ပ၌နေထိုင်သည့် အာဖဂန် ရွှေ့ပြောင်းနေထိုင်သူများကို နေရပ်သို့ပြန်လာရန်နှင့် မိမိတို့စစ်ဘေးသင့်နိုင်ငံ ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ကူညီရန် တိုက်တွန်းထားကြောင်း သိရသည်။

ဆင်ဟွာ

မိုးသည်းထန်စွာရွာသွန်းပြီးနောက် အာဖရိကဦးချိုဒေသတွင် ရောဂါဖြစ်ပွားမှုများလာ

နိုင်ရိုဘီ မေ ၃၁

အာဖရိက ဦးချိုဒေသတွင် မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းမှုအပြီး ရေကြီးမှုများ ဖြစ်ပေါ်ကာ ရောဂါဖြစ်ပွားမှု စံချိန်တင်များပြားလာကြောင်း အရှေ့အာဖရိကရှိ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ) က မေ ၃၀ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

စံချိန်တင် ရောဂါဖြစ်ပွားမှုများတွင် ကာလဝမ်းရောဂါ၊ ငှက်ဖျား၊ ဝက်သက်၊ သွေးလွန်တုပ်ကွေး၊ အဝါရောင်အဖျားရောဂါ၊ ပိုလီယို တို့ပါဝင်ပြီး အဆိုပါရောဂါများမှာ ရာသီဥတုပြင်းထန်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ အီသီယိုပီးယား။ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ယူဂန္ဒာနိုင်ငံတို့တွင် ကာလဝမ်းရောဂါ တိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေကြသည်။

အီသီယိုပီးယားတွင် ဧန်နဝါရီ ၁ ရက်မှ ဧပြီ ၂၈ ရက်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၄၆၃၂ ဦးရှိပြီး ၁၁၄ ဦး သေဆုံးခဲ့သည်။ အာဖရိကဦးချိုဒေသ ခုနစ်နိုင်ငံဖြစ်သည့် ကျီဘူတီ၊ အီသီယိုပီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ယူဂန္ဒာနိုင်ငံတို့တွင် ကာလဝမ်းရောဂါ တိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေကြသည်။

အာဖရိကဦးချိုဒေသတွင် ကလေးငယ်များအား ပိုလီယိုကာကွေးဆေး တိုက်ကျွေးနေသည်ကို တွေ့ရစဉ်။

အီသီယိုပီးယားတွင် ဧန်နဝါရီ ၁ ရက်မှ ၇ ရက်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၄၆၃၂ ဦးရှိပြီး ၁၁၄ ဦး သေဆုံးခဲ့သည်။ အာဖရိကဦးချိုဒေသ ခုနစ်နိုင်ငံဖြစ်သည့် ကျီဘူတီ၊ အီသီယိုပီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ယူဂန္ဒာတို့တွင် ငှက်ဖျားရောဂါ ဖြစ်ပွားသူဦးရေ တိုးလျက်ရှိသည်။

ကင်ညာနိုင်ငံအပါအဝင် အခြားသော လေးနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအတွက် ဆောင်ရွက်လျက်ရှိပြီး တောင်ဆူဒန်တွင် အဝါရောင်အဖျားရောဂါ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါဒေသတွင် နေထိုင်သည့် လူပေါင်း ၇၄ ဒသမ ၉ သန်းမှာ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုနောက်ပိုင်းတွင် အစားအသောက်လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် ကြုံတွေ့နေရပြီး လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ အရေးပေါ်လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂအစားအသောက်နှင့် စိုက်ပျိုးရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

34th Junior Golf Myanmar Championship ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူးဖြစ်သော Junior Golf Myanmar (JGM) ၏ (၃၄) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၃၁ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်ငြိမ်ကုန်း) ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး JGM ဒုဥက္ကဋ္ဌ ဦးရန်အောင်မိုးက ပြိုင်ပွဲလက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကွင်း (တည်ငြိမ်ကုန်း) ကို အမှတ်တရဂုဏ်ပြုလက်ဆောင်အားပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေကလက်ခံယူသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက အသက် ၁၂ နှစ်အောက် (အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၉၉ ချက်ဖြင့် တတိယဆုရ ဘုန်းမြတ်သော်၊ ၁၆၃ ချက်ဖြင့် ဒုတိယဆုရ ဇာနည်ထွန်းဝင်း၊ ၁၆၂ ချက်ဖြင့် ပထမဆုရ အောင်သန်းထွဋ်၊ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အသက် ၁၄ နှစ်အောက်အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၀၃ ချက်ဖြင့် တတိယဆုရ ဆုဝတီဇေယျ၊ ၁၉၅ ချက်ဖြင့် ဒုတိယဆုရ မိုးမခကျော်သူ၊ ၁၉၁ ချက်ဖြင့် ပထမဆုရ အိုင်းရစ်၊ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အသက် ၁၈ နှစ်အောက်အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၈ ချက်ဖြင့် တတိယဆုရ ဆုနွဲ့ဖြူ၊ ၁၆၉ ချက်ဖြင့် ဒုတိယဆုရ ဆုလတ်အောင်၊ ၁၅၁ ချက်ဖြင့် ပထမဆုရ ချိုသာအောင်၊ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်က အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် တတိယဆုရ ဖုန်းသစ်တိုး ၊ ၁၆၂ ချက်ဖြင့် ဒုတိယဆုရ နိုင်ဦးကို၊ ၁၅၈ ချက်ဖြင့် ပထမဆုရ ထွန်းထွန်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

နှစ်ရက်ကြာကျင်းပ

ယင်းနောက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် တတိယဆုရ မင်းခန့်သော်၊ အချက် ၁၆၀ ဖြင့် ဒုတိယဆုရ အာကာမျိုးသန့်၊ ၁၅၈ ချက်ဖြင့် ပထမဆုရ Locadio K တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ကိုညီလေး၊ ဓာတ်ပုံ - MGF

၂၀၂၄ ခုနှစ် ရွှေမန်းမောင်မယ်ပြိုင်ပွဲကျင်းပမည်

မန္တလေး မေ ၃၁

၂၀၂၄ ခုနှစ် ရွှေမန်းမောင်မယ်ပြိုင်ပွဲကို ဇွန် ၃၀ရက် နံနက် ၁၀ နာရီတွင် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တို့အား ဇွန်၂၈ ရက် နံနက် ၈ နာရီတွင် ဗထူးကွင်းရှိ မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံခိုင်မှုစခန်းတွင် ခါးနံပါတ်ပေးခြင်းနှင့် အရပ်ပေတိုင်းခြင်းများ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ၂၀၂၃ ပြည်နယ်နှင့်တိုင်း ပထမရရှိသူနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ရွှေမန်းမောင်ပြည်နယ်နှင့်တိုင်းပြိုင်ပွဲ ၂၀၂၃ ခုနှစ် ပထမရရှိသူနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်းနှင့် ပြိုင်ပွဲဝင်များအနေဖြင့် ဦးထွန်းလှိုင် (အတွင်းရေးမှူး) ၀၉-၄၄၄၀၂၀၈၀၂၊ ဦးမျိုးဆက်အောင် (တွဲဖက်အတွင်းရေးမှူး (၁))၀၉-၉၇၄၅၅၅၅၄၄၄ ဦးနေဆန်း(တွဲဖက်အတွင်းရေးမှူး (၂)) ၀၉-၇၉၅၆၈၁၂၇ တို့ထံ စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးမှ သိရသည်။

တင်မောင် - မန္တလေး

UEFA CHAMPIONS LEAGUE

ဂျာမန်ကလပ် ဒေါ့မွန်နဲ့ စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၂ ရက် နံနက် ၁ နာရီခွဲမှာ လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းက ချန်ပီယံလိဂ် ဗိုလ်လုပွဲကို သုံးကြိမ်မြောက် တက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက ၁၈ ကြိမ်မြောက် တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ ဒေါ့မွန်နဲ့ ရီးရဲမက်ဒရစ်အသင်းတို့ရဲ့အားပြိုင်မှုက ဘယ်လိုဖြစ်မလဲ

■ မိုးဇော်

ဒေါ့မွန်အသင်းရဲ့ အခြေအနေ

ဒေါ့မွန်အသင်းက ဘွန်ဒက်စ်လီဂါမှာ ထိုက်သင့်တဲ့ခြေစွမ်းပြသထားနိုင်ပေမယ့် ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၅) နဲ့သာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ဗိုလ်လုပွဲအထိ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဒေါ့မွန်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ၁၉၉၆/၁၉၉၇ ခုနှစ်နဲ့ ၂၀၁၂/၂၀၁၃ ခုနှစ်မှာ တက်ရောက်နိုင်ခဲ့ပေမယ့် တစ်ကြိမ်သာ ဖလားဆွတ်ခူးထားနိုင်တယ်။ နောက်ဆုံးအကြိမ် ဗိုလ်လုပွဲမှာ ဘွန်ဒက်စ်လီဂါခါးသီးပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းနဲ့ တွေ့ဆုံထားပြီး အာဂျန်ရော်ဘင်ရဲ့ နောက်ကျသွင်းဂိုးကြောင့် ဖလားဆွတ်ခူးခွင့် လွဲချော်ထားတာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးကစားခံရရင် အသင်းကစားပုံဟန်ချက်ပျက်တတ်ပြီး ကစားပွဲရလဒ်ကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ အဓိက စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် မာလင်းရိုက်ပြီး ပြိုင်ပွဲစုံ ၁၅ ဂိုးသွင်းယူထားတယ်။

ရီးရဲမက်ဒရစ်အသင်းရဲ့ အခြေအနေ

ရီးရဲမက်ဒရစ်အသင်းက ဒီရာသီမှာ ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ရဲ့ ခြေစွမ်းပြမှုနဲ့အတူ ရလဒ်ကောင်းတွေ ဖန်တီးထားနိုင်တဲ့အသင်းဖြစ်ပြီး စပိန်ဈူပါဖလား၊လာလီဂါအမှတ်ပေးဖလားတို့ကို ဆွတ်ခူးရရှိထားပါတယ်။

ရီးရဲမက်ဒရစ်အသင်းမှာစောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ရှိပြီး ပြိုင်ပွဲစုံ ၂၃ ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ လာလီဂါရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားအဖြစ်လည်း မဲပေးရွေးချယ်ခံထားရပါတယ်။ ဒုံပြင် ရီးရဲမက်ဒရစ်အသင်းမှာ ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ဗလဗာဒီ၊ ရိုဒရီဂို၊ ဗင်နီစီးယပ်စ်တို့လို အရည်အသွေးမြင့် ထိပ်တန်းကစားသမား အများအပြားရှိတယ်။ ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ဖလားကို ၁၅ ကြိမ်မြောက် စံချိန်တင်ဆွတ်ခူးဖို့ အသင်းကို အကောင်းဆုံး ပြင်ဆင်လာမှာ သေချာပါတယ်။

ဒေါ့မွန်နဲ့ ရီးရဲမက်ဒရစ်အသင်းကို နှိုင်းယှဉ်သုံးသပ်ကြည့်ခြင်း

ချန်ပီယံလိဂ်မှာ အအောင်မြင်ဆုံးအသင်းဖြစ်တဲ့ ရီးရဲမက်ဒရစ်ကို အနိုင်ယူကျော်ဖြတ်ဖို့ဆိုရင် ဒေါ့မွန်အသင်းရဲ့ စွမ်းဆောင်ရည်ဟာ ယခင်ပွဲစဉ်တွေကထက် သာလွန်တဲ့ခြေစွမ်းနဲ့ အဆုံးသတ်စွမ်းဆောင်ရည်ပိုကောင်းဖို့ လိုအပ်ပါတယ်။

ဒုတိယမြောက် ချန်ပီယံလိဂ်ဖလားဆွတ်ခူးဖို့ ခြေကုန်ထုတ်လာမယ့် ဒေါ့မွန်အသင်းကြောင့် ရီးရဲမက်ဒရစ်အသင်း အခက်တွေ့နိုင်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ ဒေါ့မွန်အသင်းထက် ရီးရဲမက်ဒရစ်အသင်းက စွမ်းဆောင်ရည်ပိုင်း သာလွန်မှုရှိတယ်ဆိုပေမယ့် ရရှိလာမယ့်အခွင့်အရေးတွေကို အသင်းကစားသမားတွေ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိခဲ့ရင် ပေးဆပ်မှုကြီးမားပြီး ဖလားကိုင်မြှောက်အောင်ပွဲခံနိုင်ခွင့် လွဲချော်သွားနိုင်တယ်။

မာလင်း (တိုက်စစ်)

ဒီရာသီပြိုင်ပွဲစုံ	-	၃၇ ပွဲ
သွင်းဂိုး	-	၁၅ ဂိုး

ဒေါ့မွန်

ရီးရဲမက်ဒရစ်

ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲ

၂၀၂၄	တနင်္ဂနွေနေ့	နံနက် ၁ နာရီ ခွဲ
ဒေါ့မွန်	-	ရီးရဲမက်ဒရစ်

ဒေါ့မွန်ရဲ့ ချန်ပီယံလိဂ်နောက်ဆုံးငါးပွဲ

ဒေါ့မွန်	၂-၀	ဒီအက်စ်ဘို
အောဇီမက်	၂-၀	ဒေါ့မွန်
ဒေါ့မွန်	၄-၂	အောဇီမက်
ဒေါ့မွန်	၁-၀	ဒီအက်စ်ဂို
ဒီအက်စ်ဂို	၀-၀	ဒေါ့မွန်

ရီးရဲမက်ဒရစ်ရဲ့ ချန်ပီယံလိဂ်နောက်ဆုံးငါးပွဲ

ရီးရဲမက်ဒရစ်	၁-၀	လိုက်ပ်စစ်
ရီးရဲမက်ဒရစ်	၃-၃	မန်စီးတီး
မန်စီးတီး	၁-၀	ရီးရဲမက်ဒရစ် *
ဘိုင်ယန်မြူးနစ်	၂-၂	ရီးရဲမက်ဒရစ်
ရီးရဲမက်ဒရစ်	၂-၀	ဘိုင်ယန်မြူးနစ်

* ယင်းနယ်တိုင်းနိုင် ရီးရဲမက်ဒရစ်ဆန်နိုင်ရ

ဘယ်လင်ဂမ် (ကွင်းလယ်)

ဒီရာသီပြိုင်ပွဲစုံ	-	၄၁ ပွဲ
သွင်းဂိုး	-	၂၃ ဂိုး

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစီစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဌိုးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစော ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	ဝိတ်ချခြင်းအနုပညာ	နိုင်ဦး-၁၁၉	ဦးကျော်ကျော်လှိုင် Smart စာပေ
၂။	ကယ်လိုရီဆိုတာ ဘာလဲ၊ ဘယ်ကလာသလဲ	နိုင်ဦး-၁၁၉	ဦးကျော်ကျော်လှိုင် Smart စာပေ
၃။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေခံများ အတွဲ(၂)	ဝင်းချစ် (အမျိုးသားစာပေဆုရ)	ဒေါ်ချစ်မြတ်ထွန်း သုတစာပေ
၄။	လှိုင်းပန်းချီဖြောင့်ချက်	အောင်ချိုနိဘွား (အမျိုးသားစာပေဆုရ)	ဒေါ်မိမိလှိုင် မိုးကျော်စာပေ

ပြန်ကြားရေးဝန်ကြီးဌာန

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/၈လ

နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စ Online Appointment ကြိုတင်ရယူသည့် စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်သွားမည်ဟု ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

ရန်ကုန် မေ ၃၁

ဇူလိုင် ၂၂ ရက်မှစ၍ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စကို သံရုံးသို့လူကိုယ်တိုင်လာရောက်ကြိုတင်ရက်ချိန်းယူသည့် Booking စနစ်မှ Online Appointment စနစ်သို့ ပြောင်းလဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မေ ၃၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

မြန်မာသံရုံးအနေဖြင့် ကိုရီးယားသမ္မတ နိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ်သက်တမ်းတိုး လျှောက်ထားမှုများနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သံရုံးက အသိပေးထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စဆောင်ရွက်နိုင်ရန်အတွက် မြန်မာသံရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကြိုတင်ရက်ချိန်းယူသည့် Booking စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အချို့ရက်များတွင် သံရုံးသို့ လာရောက်သူအရေအတွက်သည် လွန်စွာများပြားလျက်ရှိပြီး ကောင်စစ်ဆိုင်ရာ အဆောက်အအုံ၌ လက်ခံနိုင်သည့်လူဦးရေထက် များစွာကျော်လွန်နေသည့်အတွက် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အချိန်ပေးစောင့်ဆိုင်းရမှုများရှိလာကြောင်းလည်း သံရုံး၏ထုတ်ပြန်ချက်၌ ပါရှိသည်။

ယနေ့အထိ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း ဆောင်ရွက်ရန်အတွက် လူကိုယ်တိုင်ရက်ချိန်းယူသည့်စနစ်ဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ရက်ချိန်းပေးထားပြီးဖြစ်ကာ ယခုအခါတွင် မြန်မာနိုင်ငံသားများအား ပိုမိုထိရောက်ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် နိုင်ငံသားများ မြန်မာသံရုံးသို့ လာရောက်ရသည့် အခက်အခဲများကို လျော့ပါးစေရန် ရည်ရွယ်ကာ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်မှစ၍ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းကိစ္စကို သံရုံးသို့ လူကိုယ်တိုင် လာရောက်ကြိုတင်ရက်ချိန်းယူသည့် Booking စနစ်မှ Online Appointment စနစ်သို့ ပြောင်းလဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ကိုရီးယားသမ္မတ နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် မေ ၃၁ ရက်မှစ၍ မြန်မာသံရုံးသို့ လာရောက်လျှောက်ထားလိုသည့် နေ့ရက်အတွက် Online Appointment ကို https://myanmarembassy-seoul.setmore.com/myanmar (သို့မဟုတ်)QR Code မှတစ်ဆင့် စတင်၍ ရက်ချိန်းရယူနိုင်ပြီဖြစ်ကြောင်းနှင့် အခြားကောင်စစ်ရေးရာ ကိစ္စရပ်များဖြစ်သည့် ထောက်ခံစာ လျှောက်ထားခြင်း ကိစ္စများအတွက် ယခင်သတ်မှတ်ထားသည့်အတိုင်း အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် သံရုံး၌ ဆက်လက်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပါရှိသည်။

နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်းများ၊ အခြားသိရှိလိုသည့် အကြောင်းအရာများကို မြန်မာသံရုံး၏ Website ဖြစ်သည့် https://meseoul.org တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်းလည်း အသိပေးဖော်ပြထားသည်။ Online Appointment ပြုလုပ်ရန် အတွက် https://myanmarembassyseoul. setmore. com/myanmar (သို့) QR Code အား Scan ဖတ်ခြင်းဖြင့် ဝင်ရောက်လျှောက်ထားရမည် ဖြစ်ပြီး လျှောက်ထားသူများ အနေဖြင့် တစ်ဦးလျှင် တစ်ကြိမ်နှင့်အထက် လျှောက်ထားလာပါက ရက်ချိန်းများကို လက်ခံစဉ်းစားပေးမည် မဟုတ်ကြောင်း အသိပေးထားသည်။ MT

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နွေရာသီသင်တန်းဆင်းကလပ်များ တိုက်ကွမ်ဒိုပြိုင်ပွဲ လူငယ်အားကစားသမား ၈၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

ရန်ကုန် မေ ၃၁

မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား နွေရာသီသင်တန်းဆင်းကလပ်များ တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ပြိုင်ပွဲဝင်လူငယ် အားကစားသမား ၈၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သင်ကြားပို့ချ

"တိုက်ကွမ်ဒိုအားအစားနည်းဟာ အိုလံပစ်အားကစားနည်း တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှာ ၁၉၈၉ ခုနှစ်မှစတင်ကာ အဖွဲ့ချုပ် တစ်ခုအနေနဲ့ ရပ်တည်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနဲ့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းမှာ အသက် ၅ နှစ် ၆ နှစ် အရွယ် ကလေးသူငယ်များမှ စပြီး လူကြီးများအထိပါ ကစားနိုင်အောင် သင်ကြားပို့ချပေးနေပါတယ်။ ယခုပြိုင်ပွဲကလည်း ကလေးငယ် အများစု ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့နဲ့ မျိုးဆက်သစ် ကစားသမားများ စတင် မွေးထုတ်ပေးတဲ့ပြိုင်ပွဲလို ပြောရမှာပါ။ ယခုပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၈ သင်းနဲ့ ကစားသမား ၈၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဦးမြဟန်က ပြောသည်။

သွားရောက်ယှဉ်ပြိုင်

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ နိုင်ငံတကာပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ရာမှာ အဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန် (၁၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကလွဲလို့ နှစ်စဉ်သွားရောက် ယှဉ်ပြိုင်ခဲ့ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတိုင်းမှာ ဆုတံဆိပ်တွေ ရယူပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ မသန်စွမ်းတိုက်ကွမ်ဒို ကစားနည်းကိုလည်း စတင် လေ့ကျင့်ပေးနိုင်ပြီ ဖြစ်သည်။ ယင်းအပြင် ဒိုင်လူကြီးများက လည်း အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖြစ်နှင့် အာရှအဆင့်၊ ကမ္ဘာအဆင့် အိုလံပစ်အဆင့်များအထိ သွားရောက် တာဝန်ယူ ဆောင်ရွက်နေကြောင်းနှင့် ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် ကကွက်နှင့် အတိုက် အားကစားနည်း နှစ်မျိုးပါဝင်ပြီး ကကွက်တွင် ပွဲစဉ်ပေါင်း ၆၀၀ ကျော်နှင့် အတိုက်အတွက် ပွဲစဉ်ပေါင်း ၈၀၀ ကျော် ပါဝင်ပြီး ပြိုင်ပွဲကို ဇွန် ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

မလေးရှားတွင် တရားမဝင် အလုပ်သမားများကို ဖမ်းဆီးမှုများပြားနေသည့်အပြင် အလုပ်အကိုင်လည်း ရှားနေသောကြောင့် တရားမဝင်နည်းဖြင့် မလာရောက်ကြရန်အကြံပြု

ရန်ကုန် မေ ၃၁

မလေးရှားနိုင်ငံတွင် တရားမဝင်အလုပ်သမားများကို ဖမ်းဆီးမှုများပြားနေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းလည်း ရှားပါးနေသောကြောင့် တရားမဝင် မလာရောက်ကြရန် မလေးရှားရောက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်သူတစ်ဦးက အကြံပြုပြောကြားသည်။

မလေးရှားအစိုးရက နိုင်ငံခြားသား အလုပ်သမားခေါ်ယူခွင့် ခွင့်ပြုချက် KSM Approval ချထားပေးမှုများကို ၂၀၂၃ ခုနှစ် မတ်လမှ စတင်ရပ်ဆိုင်းထားကာ လက်ရှိတွင် တရားမဝင် အလုပ်သမားများကို ဖမ်းဆီးမှုမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိက အဖမ်းအဆီးတွေများတော့ တရားမဝင် မလာစေချင်ဘူး။ တရားဝင်လာဖို့ကလည်း ပိတ်ထားတယ်ဆိုတော့ ပွင့်မှ တရားဝင်လာစေချင်တယ်။ ဒီဘက်မှာက အလုပ်အကိုင်လည်း ရှားတယ်။ တချို့ တရားမဝင်အလုပ်သမားတွေက အလုပ်အကိုင်ရှားပါးတော့ တရားမဝင်တဲ့နေရာတွေမှာ လုပ်နေကြတာတွေရှိနေတယ်။ ဒါကလည်း အန္တရာယ်များတယ်" ဟု ၎င်းက တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တရားမဝင် လာရောက်ကြသူများမှာ အလုပ်ချိတ်ဆက်ထားခြင်းမရှိဘဲ မလေးရှားနိုင်ငံသို့ရောက်မှသာ အလုပ်ရှာခြင်းမျိုးဖြစ်နေသည့်အတွက် ပေးဆပ်ထားရသည့် အရင်းအနှီးနှင့် မတန်ခြင်းမျိုးလည်းရှိကြောင်း သိရသည်။

"မလေးရှားနိုင်ငံထဲကို သက်စွန့်ဆံဖျား တရားမဝင် ဝင်တယ်။ ဒီအတွက်လည်း ခေါ်တဲ့ပွဲစားကို ပိုက်ဆံတွေ အများကြီးပေးထားတယ်။ ပြီးတော့ ဒီကျတော့ အလုပ်က မရ၊ ပေးရတာကလည်း သိန်းဆယ်ချီလေ။ အဲဒီတော့ ဒီမှာပဲရတဲ့အလုပ်လုပ်ပြီးတော့ တွယ်ကပ်နေရင်း ဒုက္ခရောက်ကြရတယ်" ဟု ၎င်းက ရှင်းပြသည်။ Thuta Kyaw

ကောက်ရိုးကို အာဟာရဓာတ်ပြုပြင်မြှင့်တင်လို့ ကျွဲ၊ နွားများကို ကျွေးမွေးကြပါစို့

မင်းစံပယ်(မွေး/သု)

ကောက်ရိုးသည် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကောက်ရိုးကို နွားစာအဖြစ် အသုံးပြုလာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ခြောက်သွေ့ရာသီတွင် ကောက်ရိုးကို ကျွဲ၊ နွားများအတွက် အစာကြမ်းအဖြစ် အဓိကကျွေးမွေးကြပါသည်။ ကောက်ရိုးကျွေးမွေးခြင်းကြောင့် အရွယ်ရောက်ပြီး ကျွဲ၊ နွားများတွင် ခန္ဓာကိုယ်အလေးချိန် လျော့ကျခြင်း၊ နွားငယ်များတွင် ကြီးထွားနှုန်း နှေးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ကောက်ရိုးသည် စပါးစိုက်ပျိုးသောဒေသတိုင်း၌ အလွယ်တကူရရှိနိုင်သော စိုက်ပျိုးရေးဘေးထွက်ကုန်ကြမ်းပစ္စည်း ဖြစ်ပြီး ကောက်ရိုးကို ကျွဲ၊ နွားအစားအစာအဖြစ် ကျွေးမွေးခဲ့သည်မှာ ရှေးပဝေသဏီကပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကောက်ရိုးကျွေးမွေးသော ကျွဲ၊ နွားများဖြင့် လယ်ယာလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပြီး စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင်လည်း ကျွဲ၊ နွားများကို ဆက်လက်အသုံးပြုနေရဆဲ ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အသက်မွေးကြောဖြစ်၍ ကောက်ရိုးသည်လည်း တိရစ္ဆာန်အစာအဖြစ် သွယ်ပိုက်သောနည်းဖြင့် အရေးပါလျက်ရှိနေသည်။ ကောက်ရိုးထက် ဓွေးနှုန်း သက်သာပြီး အလွယ်တကူရနိုင်သော တိရစ္ဆာန် အစားအစာကို အစားမထိုးနိုင်သရွေ့ ကောက်ရိုးသည် မြန်မာနိုင်ငံ၏ ကျွဲ၊ နွားမွေး မြူရေးလုပ်ငန်းတွင် အရေးပါနေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျွဲ၊ နွားမွေး တောင်သူများသည် ကောက်ရိုးကို ကောက်ရိုးပုံအဖြစ်လည်းကောင်း၊ ကောက်ရိုးစဉ်းဖတ်အဖြစ်လည်းကောင်း သိုလှောင်၍ ဆား၊ ဖွဲနု၊ နှမ်းဖတ်၊ ပဲဖတ်၊ ပဲမှော် စသည်တို့ဖြင့် ရောနှောကျွေးမွေးကြပါသည်။ ဤသို့ကျွေးမွေးခြင်းဖြင့် ကျွဲ၊ နွားတို့၏ အစာစားနှုန်းကို တိုးတက်စေသော်လည်း ကောက်ရိုး၏ အစာချေဖျက်ခံရမှုနှင့် အာဟာရတန်ဖိုးတို့ကို တိုးတက်ပြောင်းလဲနိုင်စွမ်းမရှိပါ။ ထို့ကြောင့် ကောက်ရိုး၏ အာဟာရတန်ဖိုးမြင့်တက်စေရန် ကုန်ကျစရိတ်နည်းနည်းဖြင့် ရုပ်ပိုင်းနည်းဖြင့် ပြုပြင်ခြင်း(Physical treatment)၊ ဓာတုနည်းဖြင့် ပြုပြင်ခြင်း (Chemical treatment)နှင့် ဇီဝနည်းဖြင့်ပြုပြင်ခြင်း (Biological treatment) နည်းလမ်းတို့ကို အသုံးပြု၍ ကျွေးမွေးခဲ့ကြပါသည်။

ကောက်ရိုးကို စဉ်းဖတ်ပြုလုပ်ခြင်း၊ အမှုန့်ပြုလုပ်ခြင်း၊ အစာတောင့်ပြုလုပ်ခြင်း စသည့်နည်းများသည် ရုပ်ပိုင်းပြုပြင်ခြင်း နည်းလမ်းများ ဖြစ်ပါသည်။ ကောက်ရိုးကို ထုံး၊ ယူရီးယား၊ အမိုးနီးယား စသည်တို့ဖြင့် ပြုပြင်ကျွေးမွေးခြင်းနည်းတို့သည် ဓာတုနည်းဖြင့်ပြုပြင်ခြင်း ဖြစ်ပါသည်။ ကောက်ရိုးကို ထရိုင်ကို ဒါးမားမှို(Trichoderma fungus)ဖြင့် ပြုပြင်ကျွေးမွေးခြင်း၊ ကောက်ရိုးကို ဗက်တီးရီးယား ထည့်သွင်း အချဉ်ဖောက်ပြုလုပ်ခြင်း စသည်နည်းတို့သည် ဇီဝနည်းလမ်းဖြင့် ပြုပြင်ခြင်းများ ဖြစ်ပါသည်။

ကောက်ရိုးကိုယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းသည် ကျွဲ၊ နွားများအတွက် အစာချေဖျက်ရန် ခက်ခဲသည့် ကောက်ရိုးတွင်ပါဝင်သော လင်နင် (Lignin)ဓာတ်နှင့် အသားဓာတ်၊ အမျှင်ဓာတ်တို့ ချိတ်ဆက်နေမှုကိုပြေလျော့စေ၍ ကောက်ရိုးတွင် ပါဝင်သောအာဟာရတန်ဖိုးမြင့်တက်လာစေပြီး ကျွဲ၊ နွားများမှ လွယ်ကူစွာစားသုံးနိုင်ခြင်း ဖြစ်ပါသည်။ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးရာတွင် ယူရီးယားအသုံးပြုမှုကို (၃-၁၀)ရာခိုင်နှုန်း အထိ သုတေသနပြုလုပ်၍ လေ့လာခဲ့ကြပါသည်။ သို့သော်လည်း ကောက်ရိုးအလေးချိန်များစွာ ပြုလုပ်မည်ဆိုပါက ယူရီးယား ငါးရာခိုင်နှုန်း အသုံးပြုခြင်းသည် ကောင်းမွန်သင့်တော်ပါသည်။ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးမည်ဆိုပါက အောက်ပါအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါသည်-

- ကောက်ရိုးစုဆောင်းထားရှိပါ။
- ယူရီးယား တစ်အိတ်၊ လေးဂါလန်ဆံ့ ရေဖျန်းပုံး၊ ၉၀ လီတာဆံ့ ကျောက်စည်၊ ပလတ်စတစ်၊ တိပ်အကြည်၊ ခက်ရင်းခွ (၂-၃)ချောင်းတို့ကိုအဆင်သင့်ပြင်ထားပါ။
- ၁၀ ပေ x ၁၀ ပေ x ၆ ပေရှိ အုတ်ကန် (သို့မဟုတ်)အခန်း ပြင်ဆင်ထားရှိပါ။ ထိုအတိုင်းအတာအတွင်း ကောက်ရိုးနှစ်တန်ခန့် ထည့်သိပ်သိုလှောင်နိုင်ပါသည်။
- ကောက်ရိုးထည့်သိပ်မည့် အခန်းအနီးတွင် ရေလီတာ ၉၀ ဆံ့သော ကျောက်စည် အတွင်းသို့ ယူရီးယား (၄.၅) ကီလိုဂရမ် ထည့်ပြီး ရေအပြည့်ထည့်ပါ။ ထို့နောက် ယူရီးယားများ ရေတွင်ပျော်ဝင်အောင် မွှေပါ။
- ၁၀ ပေ x ၁၀ ပေ x ၆ ပေရှိ အုတ်ကန် (သို့မဟုတ်)အခန်းအတွင်းသို့ ကောက်ရိုး ၁၆ ကီလိုဂရမ်ထည့်ပြီး ဖြန့်ထားပါ။ ထို့နောက် ကျောက်စည်ထဲမှ ယူရီးယား

ကောက်ရိုးကို ယူရီးယားဖြင့် အာနိသင်ပြုပြင်ပုံအဆင့်ဆင့်နှင့် အစိုဓာတ်မဝင်စေရန် ပလတ်စတစ်စဖြင့် အုပ်မိုးထားစဉ်။

ဖျော်ရည်ကို လေးဂါလန်ဆံ့ ရေဖျန်းပုံးဖြင့် တတ်နိုင်သမျှ နှံ့အောင်ဖျန်းပြီး ခြေဖြင့် နင်းသိပ်ပါ။ မိမိအလိုရှိသော ပမာဏ ရရှိသည်အထိ ကောက်ရိုး ၁၆ ကီလိုဂရမ် လျှင် ယူရီးယားဖျော်ရည် လေးဂါလန် နှုန်းဖြင့် အထက်ပါနည်းအတိုင်း ဆောင်ရွက်ပါ။

- ယခုအသုံးပြုသော အချိုးအစားမှာ ကောက်ရိုးတစ်ကီလိုဂရမ်အတွက် ရေတစ်လီတာနှင့် ယူရီးယား ၅၀ ဂရမ်နှုန်း အသုံးပြုထားပါသည်။
- မိမိအလိုရှိသော ပမာဏအထိ ကောက်ရိုးကိုနင်းသိပ်ပြီး ပလတ်စတစ်ဖြင့်ဖုံးအုပ်ပါ။
- ပလတ်စတစ်ကို အခန်းနံရံနှင့် ကောက်ရိုးများကြားထိုးသွင်း၍ တတ်နိုင်သမျှ လေလုံအောင် ဖုံးထားပါ။
- ပလတ်စတစ်တွင် အပေါက်များရှိပါက လေလုံအောင် တိပ်ဖြင့်ပိတ်ပါ။ ဖုံးထားသော ပလတ်စတစ်အပေါ်သို့ ကောက်ရိုး အနည်းငယ် ထပ်မံဖုံးအုပ်ပါ။ ပြုလုပ်သည့် နေ့ရက်ကို မှတ်တမ်းထားပါ။
- အထက်ပါနည်းအတိုင်း ပြုလုပ်ဆောင်ရွက်ပြီး အနည်းဆုံး ၁၄ ရက် ထားရပါမည်။ ၁၄ ရက်ပြည့်ပြီးသော်လည်း ကျွဲ၊ နွားများကို အသုံးပြုကျွေးမွေးခြင်း မပြုမီအချိန်ထိ ဖုံးအုပ်ထားနိုင်ပါသည်၊ ဖုံးအုပ်ထားစဉ် ရေဝင်ခြင်းမရှိအောင် ဆောင်ရွက်ပါ။ မိုးရာသီ၌ အမိုးအကာအောက်တွင် ပြုလုပ်ပါ။
- အရေးကြီးဆုံးအချက်မှာ ကျွဲ၊ နွားများကို မကျွေးမွေးမီအချိန် ဖုံးအုပ်ထားသော ပလတ်စတစ်ကို အနည်းဆုံး (၂-၆) နာရီ ကြိုတင်၍ဖယ်ပြီး လေသလပ်အောင် ထားပါ။

နွားပြစိမ်းများ၏ ကြီးထွားနှုန်းအပေါ် အကျိုးသက်ရောက်မှု

မွေးမြူရေးသုတေသနဦးစီးဌာနတွင် ပဲနှစ်၊ သဘာဝကောက်ရိုး၊ ယူရီးယားဖြင့်ပြုပြင်သည့် ကောက်ရိုးနှင့် နှံစားပြောင်းချဉ်ဖတ်တို့ကို ကျွေးမွေးခြင်းဖြင့် နွားများ၏ ကြီးထွားနှုန်းအပေါ် အကျိုးသက်ရောက်မှုကို သုတေသနပြုလုပ်ခဲ့ပါသည်။ သုတေသနတွင် အသုံးပြုကျွေးမွေးသော အစာကြမ်းသုံးမျိုးနှင့် ပဲနှစ်တို့ကို ဓာတ်ခွဲစမ်းသပ်ပြီး အာဟာရပါဝင်မှုနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား(၁)။ အာဟာရပါဝင်မှုနှုန်းများ

စဉ်	အစာအမျိုးအမည်	DM %	OM %	Ash	CP %	NDF %	ADF %
၁။	ပြုပြင်ထားသောကောက်ရိုး	၆၅.၈၉	၈၆.၉၄	၁၃.၀၅	၇.၁၇	၆၃	၅၉.၈၉
၂။	မပြုပြင်သောကောက်ရိုး	၉၆.၄၀	၈၈.၂၄	၁၁.၇၅	၁.၇၉	၆၉.၂	၅၈.၆
၃။	နှံစားပြောင်းချဉ်ဖတ်	၂၈.၆၆	၉၁.၈၉	၈.၁၀	၈.၁၃	၆၅.၉	၅၉.၁
၄။	ပဲနှစ်	၉၀.၈၂	၅၉.၆၁	၄.၃၉	၉.၃၉	၄၃.၃	၄၁.၀၈

စာမျက်နှာ ၁၇ သို့

ထိုင်းနိုင်ငံ၌ အရိပ်အောက်တွင် စုဆောင်းစဉ်။

သီရိလင်္ကာနိုင်ငံ၌ ကောက်ရိုးကိုပုံ၍ စုဆောင်းစဉ်။

စာမျက်နှာ ၁၆ မှ

DM = Dry Matter (တိရစ္ဆာန်ရရှိသော အသားတင် အခြောက်အစာ)

OM = Organic Matter (ကစီ၊ အသားနှင့် အဆီတို့ ပါဝင်သော အော်ဂဲနစ်ဒြပ်ပေါင်း)

CP = Crude Protein(အသားဓာတ်)

NDF = Neutral Detergent Fibre (အနည်းငယ် ချေဖျက်ရခက်သော အမျှင်ဓာတ်)

ADF = Acid Detergent Fibre(ချေဖျက်ရအလွန်ခက်သော အမျှင်ဓာတ်)

သာသာကွာခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

ရရှိနိုင်သည့်အကျိုးကျေးဇူးများ

နို့စားနွားမများတွင် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းသည် ပြုပြင်ထားခြင်းမရှိသော ကောက်ရိုးကိုကျွေးခြင်းထက် နို့ထွက်နှုန်းပိုမိုခြင်း၊ အစာစားနှုန်းကောင်းမွန်ပြီး မြိုင်သံသရာ လည်ပတ်မှုမှန်ကန်ခြင်း၊ မျိုးအောင်နှုန်းကောင်းမွန်ခြင်း အကျိုးကျေးဇူးများရရှိကြောင်း တွေ့ရှိရပါသည်။ အစာအိမ်လေဖောင်းခြင်းနှင့် အအေးမိခြင်းကဲ့သို့သော ရောဂါဖြစ်ပွားမှု လွန်စွာနည်းခြင်းကိုလည်း

ဇယား(၂)။ အစာစားနှုန်းနှင့် ခန္ဓာကိုယ်အလေးချိန်တိုးတက်မှု

စဉ်	အစာအမျိုးအစား	မူလအစာစားနှုန်း (ကီလို)		အခြောက်ဓာတ်အခြေခံ အစာစားနှုန်း(ကီလို)		ခန္ဓာကိုယ် အလေးချိန် တိုးတက်မှု(ကီလို)	
		ပထမ (၂၁)ရက်	ဒုတိယ (၂၁)ရက်	ပထမ (၂၁)ရက်	ဒုတိယ (၂၁)ရက်	ပထမ (၂၁)ရက်	ဒုတိယ (၂၁)ရက်
၁။	ပြုပြင်ထားသောကောက်ရိုး	၅.၉၅	၅.၁၅	၄.၀၂	၃.၅၂	၇.၆၆	၅
၂။	မပြုပြင်သောကောက်ရိုး	၂.၆၆	၂.၇၃	၂.၆၄	၂.၂၆	၃.၆၆	၂.၂၃
၃။	နှံစားပြောင်း ချဉ်ဖတ်	၉.၈၅	၉.၅၉	၂.၉၀	၂.၉၅	၅.၀	၇.၃

အထက်ဖော်ပြပါ သုတေသနပြုလုပ်ရရှိသော အချက်အလက်များအရ ဇယား(၁)တွင် ဖော်ပြထားသည့်အတိုင်း ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ပြီးအချိန်တွင် အသားဓာတ်ပါဝင်မှုနှုန်း (CP %) သိသိသာသာတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဇယား(၂)တွင် ဖော်ပြထားသည့် အခြောက်ဓာတ် အခြေခံတွက်ချက်မှုများအရ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးပါက အစာစားနှုန်း သိသိသာသာ တိုးတက်လာပါသည်။ ထို့ကြောင့် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးခြင်းသည် ပြုပြင်ခြင်းမရှိသောကောက်ရိုးကို ကျွေးမွေးသည့်နွားများထက် ကြီးထွားနှုန်းကောင်းပါသည်။ သက်တမ်းရက် ၇၀ ရှိ နှံစားပြောင်းပင်ကို ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်းနှင့် ယူရီးယားဖြင့် ကောက်ရိုးကို ပြုပြင်ကျွေးမွေးခြင်းသည် နွားငယ်လေးများ၏ ကြီးထွားနှုန်းအပေါ်တွင် သိသိ

တွေ့ရှိရပါသည်။ ဒေသနွားများတွင် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးသော ဒေသနွားများသည် ပြုပြင်ထားခြင်းမရှိသော ကောက်ရိုးကျွေးမွေးသည့် ဒေသနွားများထက် အစာစားနှုန်း ကောင်းမွန်ခြင်း၊ ကြီးထွားနှုန်းကောင်းမွန်ခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်ကို လေ့လာတွေ့ရှိရပါသည်။

နွားမွေးမြူရေးလုပ်ငန်း အောင်မြင်ရန်အတွက် အစာအရည်အသွေးကောင်းမွန်ရန်နှင့် အစာလုံလောက်စွာရရှိရေးသည် အဓိကအချက် ဖြစ်ပါသည်။ ထို့ပြင် နွားမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော အသား၊ နို့နှင့် သားရေချေပ်များအတွက် ဈေးကွက်ကောင်းများ ပေါ်ပေါက်လာရေးအချက် သည်လည်း အရေးကြီးပါသည်။ ထိုကဲ့သို့ ဈေးကွက်ကောင်းဖော်ဆောင်နိုင်ပါက စားကျက်မြေများ စိုက်ပျိုး၍ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း၊ မြက်ခြောက်



ကောက်ရိုးကို ပုံစံအမျိုးမျိုးဖြင့် ဖိသိပ်၍ အာနိသင်အားပြုပြင်ခြင်း။

> **“နို့စားနွားမများတွင် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းသည် ပြုပြင်ထားခြင်းမရှိသော ကောက်ရိုးကိုကျွေးခြင်းထက် နို့ထွက်နှုန်းပိုမိုခြင်း၊ အစာစားနှုန်းကောင်းမွန်ပြီး မြိုင်သံသရာလည်ပတ်မှုမှန်ကန်ခြင်း၊ မျိုးအောင်နှုန်း ကောင်းမွန်ခြင်း အကျိုးကျေးဇူးများရရှိကြောင်း တွေ့ရှိရပါသည်။ အစာအိမ်လေဖောင်းခြင်းနှင့် အအေးမိခြင်းကဲ့သို့သော ရောဂါဖြစ်ပွားမှု လွန်စွာနည်းခြင်းကိုလည်း တွေ့ရှိ”**

များပြုလုပ်ခြင်းတို့ ပြုလုပ်ကျွေးမွေးခြင်းဖြင့် နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာပါမည်။ မြန်မာနိုင်ငံ၏ နွားမွေးမြူရေးလုပ်ငန်းအများစုသည် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းဖြစ်သည့် ကောက်ရိုးအပေါ် မှီခိုမွေးမြူနေကြဆဲ ဖြစ်ပါသည်။ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မွေးမြူသူများတွင် စားကျက်သီးခြားစိုက်ပျိုးမွေးမြူနိုင်သူနည်းပါးပါသည်။ စားကျက်ကွင်းများအတွင်း စားကျက်ပင် သီးခြားမစိုက်ပျိုးနိုင်သော နွားမွေးမြူရေးသမားများနှင့် ကောက်ရိုးအပေါ် မှီခိုကျွေးမွေးနေကြသော နွားမွေးမြူရေးသမားများအတွက် ယူရီးယားဖြင့် ကောက်ရိုးကို ပြုပြင်ကျွေးမွေးခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် အသုံးဝင်အကျိုးရှိဆုံး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိအချို့ဒေသများ၌ ကောက်ရိုးကို နွားမွေးမြူရေးအတွက် အကျိုးရှိစွာအသုံးမပြုဘဲ မီးရှို့၍ သဘာဝမြေဩဇာအဖြစ် အသုံးပြုကြသည်ကိုလည်း တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် နွားမွေးမြူရေးလုပ်ကိုင်ပြီး စားကျက်စိုက်ပျိုးရန် မြေမရှိသူများ၊ ကောက်ရိုးအပေါ်မှီခိုခဲ့၍ နွားမွေးမြူသူများအတွက် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်၍ ကျွေးမွေးသော နည်းလမ်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်းသက်ရောက်ပြီး နွားမွေးမြူရေးအတွက် အကျိုးပြုသောနည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ကောက်ရိုးကို ယူရီးယားဖြင့် အာဟာရဓာတ်ပြုပြင်မြှင့်တင်၍ နွားများကို ကျွေးမွေးခြင်းဖြင့် နွားမွေးမြူရေးလုပ်ငန်းကို မြှင့်တင်ကြပါစို့ပဲ တိုက်တွန်းရင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကားကျမ်းစာရင်း

၁။ Aung San Win et al 2023: Myan, Annual conference: Department of Livestock and Aquaculture Research.

၂။ Tin Ngwe et al 1993: Myan. J.Agric. Sci. 5; 65–75.

၃။ Indian Council of Agriculture Research; Urea treatment of poor quality roughages https://krishi.icar.gov.in.

သံတွဲမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုဆောင်ရွက်

သံတွဲ မေ ၃၁

ရခိုင်ပြည်နယ် သံတွဲမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို မေ ၂၉ ရက်က သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး စာဖတ်ရှုနိုင်မြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုကိုပြသကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်က အမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် နန်းချောင်းကျေးရွာ စာကြည့်တိုက်၊ ဂေါ့ရပ်ကွက်စာကြည့်တိုက်၊ ဂျိတ္တောရပ်ကွက်စာကြည့်တိုက်၊ ကြိမ်ချောင်းကျေးရွာစာကြည့်တိုက်နှင့် မြို့ချောင်းကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး ခရိုင်ပြန်/ဆက်စာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ဦးရဲထွန်းက လှူဒါန်းသည့် စာအုပ်စာစောင်များကို အလှူရှင်ကိုယ်စား Book Club နာယက ဦးမြင့်စိုးက ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကိုလည်း ကြည့်ရှုအားပေးခဲ့ကြသည်။ (ယာဝုံ) **ခရိုင်(ပြန်/ဆက်)**

ကလေးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူလေးဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မေ ၂၉ ရက်က လက်နက်ကြီးပစ်ခတ်မှုကြောင့် တင်သားကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူလေးဦး သေဆုံးကာ ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် အများပြည်သူ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များ အပေါ်အခြေခံကာ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်ရန် ရောက်ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

ကမ္ဘာ့သမုဒ္ဒရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့တွင် အသိပညာပေးလှုပ်ငန်းဆောင်ရွက်

ပုသိမ် မေ ၃၁

၂၀၂၄ ခုနှစ် ဇွန် ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သမုဒ္ဒရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့သမုဒ္ဒရာများ ညစ်ညမ်းမှုလျော့ချရေးနှင့်ပတ်သက်သည့် အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံး၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အသိပညာပေး Talk Show တွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုး၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရဖြိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ပင်လယ်သမုဒ္ဒရာများ ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ဆွေးနွေးကြကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

သာပေါင်း မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၃၀ ရက် နံနက် ၇ နာရီခွဲက ဇီးဖြူကွင်းကျေးရွာ၌ ကျင်းပသည်။ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မှုတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းရည်ရွယ်၍ သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရန် ရာသီဥတုကောင်းမွန်မှုတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရေး၊ အပူချိန်လျှော့ချနိုင်စေရန် အပူဒဏ်ကာကွယ်နိုင်စေရေး တို့အတွက် စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ယမနေ့ပျိုးပင် ၁၅၀၊ ပျဉ်းကတိုးပျိုးပင် ၂၀၊ မန်ကျန်ရှားပျိုးပင် ၁၅၀၊ မဟော်ဂနီပျိုးပင် ၁၅၀၊ မအူလက်တံတိုပျိုးပင် ၁၀၀၊ ကုံကော်ပျိုးပင် ၁၀ ပင် စုစုပေါင်းပျိုးပင် ၅၈၀ တို့ကို ဇီးဖြူကွင်းကျေးရွာအုပ်စု ဇီးဖြူကွင်းကျေးရွာ သာပေါင်း-ပုသိမ် ကားလမ်းဘေး မိုင်တိုင်အမှတ်(၆/၄) တွင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မျိုးဇော်သိန်း (သာပေါင်း ပြန်/ဆက်)

နိုင်ငံတစ်ဝန်း အိမ်ခြံမြေအကျိုးဆောင် လိုင်စင်မှတ်ပုံတင်မှု တစ်သောင်းကျော်အထိ ရှိလာ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံတစ်ဝန်းတွင် အိမ်ခြံမြေအကျိုးဆောင်များအနေဖြင့် အကျိုးဆောင်လိုင်စင် မှတ်ပုံတင်ပြုလုပ်ထားသူဦးရေ တစ်သောင်းကျော်အထိရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) ၏ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။

ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ယမန်နေ့က ကျင်းပသည့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီးက ကြီးမှူးကျင်းပသည့် အသင်းသားများ တွေ့ဆုံပွဲနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားတွင် MRPDA ဥက္ကဋ္ဌ ဦးသိန်းလွင်က ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"တစ်နိုင်ငံလုံးအတိုင်းအတာအရ မှတ်ပုံတင်ထားတာက တစ်သောင်းကျော် ရှိသွားပါပြီ။ အသင်းကနေပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မှတ်ပုံတင်ထားတာပေါ့။ အကျိုးဆောင်မှတ်ပုံတင်တာကတော့ အကျိုးဆောင်တွေအနေနဲ့ လုပ်ဆောင်သင့်ပါတယ်။ မှတ်ပုံမတင်ဘူးဆိုရင်တော့ ကိုယ်ရသင့်ရထိုက်တဲ့ အကျိုးဆောင်ခ တောင်းဆိုခွင့်မရှိတော့ဘူးပေါ့။ ဒီလိုမျိုးတွေဖြစ်လာတယ်။ အခုလက်ရှိမှာတော့ အကျိုးဆောင်က မှတ်ပုံတင်ထားတယ်။ အကျိုးဆောင်ခ မရတဲ့ဖြစ်စဉ်မျိုးရှိလာခဲ့လို့ရှိရင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုတင်၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီးတော့ ဖြေရှင်းပေးနေတယ်။ အဲဒီတော့ အကျိုးဆောင်တွေအားလုံးက အကျိုးဆောင်လိုင်စင်မှတ်ပုံတင်မှပဲ ဒီလိုအကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်နှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယကဦးတင်မောင်တို့က အမှာစကားပြောကြားသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အိမ်ခြံမြေအကျိုးဆောင်လိုင်စင် မှတ်ပုံတင်ပြုလုပ်ထားသူဦးရေ ၂၀၀၀ ခန့်အထိ ရှိနေပြီး ဆက်လက်၍ သက်ဆိုင်ရာမြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အကျိုးဆောင်မှတ်ပုံတင်လိုင်စင် ပြုလုပ်မည့် ဦးရေ ၃၀၀၀ ခန့်အထိ ရှိနေကြောင်း အဆိုပါအသင်းထံမှ သိရသည်။

အာကာလင်း

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
စာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း	–	ခြူးစန်ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ	–	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	–	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	–	တင်စိုး
သုတေသန	–	အိအိခင်နှင့် အဖွဲ့
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	–	(၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	–	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ မော်စံ ၀၆၇-၃၆၁၄၃၊ ရန်ကုန်နံ့ခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလိမ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၅၈၃၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ မြန်ဆိုရေး ၀၁-၅၄၄၃၃၁၇၊ Fax ၀၁-၈၆၀၄၅၆။

ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၃၀ ကျပ်	၂၄၁၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၈၀ ကျပ်	၂၄၅၅ ကျပ်
အောက်တိန်း ၉၂	၂၅၆၅ ကျပ်	၂၆၄၅ ကျပ်
အောက်တိန်း ၉၅	၂၆၆၅ ကျပ်	၂၇၄၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၉၀၀၀	၉၁၀၀	၅၈၁	၅၂၇၆၅၀၀
MTSH	၃၁၀၀	၃၁၀၀	၅၈၄၆	၁၈၂၈၂၀၅၀
MCB	၈၁၀၀	၈၁၀၀	၂	၁၆၂၀၀
FPB	၁၆၅၀	၁၆၅၀	၉၁	၁၅၄၅၅၀
TMH	၂၇၀၀	၂၇၀၀	၁၀	၂၇၀၀၀
EFR	၁၇၀၀	၁၇၅၀	၇၄၃	၁၃၀၀၀၀၀
AHPC	၄၇၀၀	၄၇၀၀	၂၂	၁၀၃၄၀၀
MAEPC	၂၃၅၀	၂၄၀၀	၁၃၈	၃၂၄၄၀၀

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇွန် လ (၁)ရက်

ကြေညာချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် လ (၁)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော (၅၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲ (၁၃၂၅၉၉)ဆု ခွဲဝေ ချီးမြှင့်ခဲ့ရာ ဆုမဲ (၁၃၉၅၅၇) ဆုကို ယနေ့တိုင် တောင်းခံခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၂။ ဖော်ပြပါ လာရောက်ထုတ်ယူခြင်းမရှိသေးသည့် ကျပ်သိန်း (၅၀၀) (၁) ဆု၊ ကျပ်သိန်း (၂၀၀) (၂) ဆု၊ ကျပ်သိန်း (၁၀၀) (၁) ဆု၊ ကျပ်သိန်း (၅၀) (၂) ဆု၊ ကျပ်(၂၀) သိန်း(၃)ဆု၊ ကျပ်(၁၀) သိန်း(၂)ဆု၊ကျပ် ၃ သိန်း (၄)ဆု ၊ ကျပ် ၂ သိန်း (၄၂)ဆု၊ ကျပ် ၁ သိန်း (၆၈၃) ဆု ၊ ကျပ် ၅ သောင်း ဆု (၈၄၆) ဆု ၊ ကျပ် ၁ သောင်း ဆု (၁၂၃၇၇) ဆု ၊ ဆုရ လက်မှတ်များကို ၂၀၂၄ ခုနှစ်၊ ဇွန် လ (၂၈)ရက်နေ့အထိ ရန်ကုန်ဖြို့၊ နှင့် မန္တလေးဖြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများသို့ တင်ပြရှု ဆုငွေများကို တောင်းခံနိုင်ရန် အောက်ဖော်ပြပါ (၅၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းထီပေါက်စဉ်အား ပြန်လည် ဖော်ပြအပ်ပါသည်။

၃။ အဆိုပါ လာရောက်ထုတ်ယူခြင်းမရှိသေးသည့် ဆုမဲများအား (၂၈-၆-၂၀၂၄)ရက်နေ့ထိ ထုတ်ယူခြင်းမရှိပါက အခွန်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(၅၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် သိန်းထီပေါက်စဉ်

ကျပ်သိန်း (၅၀၀၀)ဆု
ခ – ၄၅၄၀၇

ကျပ်သိန်း (၂၀၀၀)ဆု
ခ – ၈၀၃၆၃၄

ကျပ်သိန်း (၁၀၀၀)ဆု
ဇ – ၂၄၈၃၀

ကျပ်သိန်း (၅၀၀)ဆုများ
က – ၃၀၆၇၆၆ ဂ – ၂၅၀၄၇
က – ၄၆၃၁၉၉ ဂ – ၅၆၄၀၀၁
ဂ – ၁၄၆၁၇၇

ကျပ်သိန်း (၂၀၀)ဆုများ
က – ၀၁၉၃၆၆ ဂ – ၆၆၉၇၁၅
က – ၆၁၀၄၁၉ ဂ – ၅၈၄၄၅၅
ဃ – ၁၂၁၂၀၃ ဂ – ၆၂၅၀၆၆
ဃ – ၃၄၃၇၇၅

ကျပ်သိန်း (၁၀၀)ဆုများ
က – ၂၄၃၃၇၅ ဃ – ၀၁၃၇၇၅
ခ – ၃၁၅၇၆၆ ဃ – ၀၁၆၇၆၆
ဂ – ၂၄၀၆၆၆ ဃ – ၀၁၇၇၆၆
ဃ – ၂၄၃၃၆၆ ဃ – ၀၁၈၇၆၆
ဃ – ၂၄၄၃၆၆ ဃ – ၀၁၉၇၆၆

ကျပ်သိန်း (၁၀၀)ဆုများ
က – ၂၄၁၃၇၅ ဃ – ၀၁၃၇၇၅
ခ – ၃၁၅၇၆၆ ဃ – ၀၁၆၇၆၆
ဂ – ၂၄၀၆၆၆ ဃ – ၀၁၇၇၆၆
ဃ – ၂၄၃၃၆၆ ဃ – ၀၁၈၇၆၆
ဃ – ၂၄၄၃၆၆ ဃ – ၀၁၉၇၆၆

ကျပ်သိန်း(၁၀၀)ဆုများ
ခ – ၃၅၇၃၆၆ ဃ – ၀၁၃၇၇၅
ဂ – ၂၄၀၆၆၆ ဃ – ၀၁၆၇၆၆
ဃ – ၂၄၃၃၆၆ ဃ – ၀၁၇၇၆၆
ဃ – ၂၄၄

အသိပေးကြေညာချက်

ဦးသိန်းဦး (၁၃/တနန(နိုင်)၀၁၆၆၄၄) ၏ လွဆ်ခဲ့သော ဘဏ်စာရင်းစာအုပ်၊ ATM ကဒ်၊ ငွေသားလက်ခံဖြတ်ပိုင်းများ ပျောက်ဆုံးခဲ့ပါသည်။ ပြန်လည်ရရှိပါက ဆက်သွယ်ပေးပို့ရန် ဖြစ်ပါသည်။

ဦးသိန်းဦး
ဖုန်း- ၀၉၇၈၂၀၀၂၂၂

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိရေနံဓာတုဗေဒစက်ရုံရုံး(သပရာကန်)မှ ထုတ်လုပ်သည့် ရေနံဓာတ်ငွေ့ရည်များကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေနံဓာတ်ငွေ့ရည် လုပ်ငန်း) Type -A,B,C,D,F လက်ဝယ်ရှိသူများ ဖြန်ဖြေ့ရေနံဓာတု ဗေဒလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	ပမာဏ (တန်)	တင်ဒါဖိတ်ခေါ်ချိန်		တင်ဒါဖွင့်ချိန်	
			နေ့ရက်	နာရီ	နေ့ရက်	နာရီ
သံပရာကန်	ပရိုပိန်း	၅၀ (1 Lot)	၁၃-၆-၂၀၂၄	၁၂	၁၃-၆-၂၀၂၄	၁၄:၀၀
	ဗြူတိန်း	၁၀၀ (1 Lot)				

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၉၄၊ ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ဦးငွေကိုင်လမ်း၊ မြေကွက်အမှတ် (၈၅၇)၊ အကျယ်အဝန်း (၄၀၀၀ × ၆၀၀၀)ရှိ ဒေါ်နင်းစာနည်ဝေ (၁၂/အစန (နိုင်) ၁၈၀၄၉၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်နင်းစာနည်ဝေ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၁၀၁/၂၀၂၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိမိအေး (၁၃/လရန (နိုင်) ၁၆၅၇၁၃၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်ပြည်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးတန်ဖိုး မျှတအိမ်ရာ (ဒုတိယအဆင့်)၊ တိုက်အမှတ် (DD-4)၊ အခန်းအမှတ် (၂၀၃)၊ အကျယ်အဝန်း (၉၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဉာဏ်လင်းနောင် (၁၂/ဒဂမ (နိုင်) ၀၀၆၉၃၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ဝတ်ရည်ဦး

ဒဂုံမြို့သစ်အငြိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရိုးမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃)ကျောက်ဖြူခရိုင် တရားရုံးတော် ငြင်းချက်ထုတ်ရန် ဆင့်စာ ကြော် ငြာတွင်

(ကျော်သန်းစိုး)
ခရိုင်တရားသူကြီး
ကျောက်ဖြူခရိုင်တရားရုံး

အစား

(ကျော်သန်းစိုန်)
ခရိုင်တရားသူကြီး
ကျောက်ဖြူခရိုင်တရားရုံး

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်ရွာအုပ်စု၊ သပြေပင်ကျေးရွာနေ (၁၁) ဦးစိန်ကြည်မိုး၏သမီး ကျွန်မ မမိုးထက်သာ (စ/တတက(နိုင်)၂၆၅၅၀၉) ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MG-271941) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၃ ၅၉၃ ၈၆၅

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၂၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၁၁၈

ဦးညွှန့်ဝင်း (ကွယ်လွန်သူဒေါ်နှင်းနှင်းခိုင်၏ နှင့် ဒေါ်အေးငြိမ့် ပါ ၃ တရားဝင်ကိုယ်စားလှယ်)

အယူခံတရားလို

အယူခံတရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၂ ခုနှစ်၊ တရားမအထမအယူခံမှုအမှတ် ၄၇ ၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကို အယူခံမှု။

ရွှေဘိုမြို့နယ်၊ မင်းကုန်းကျေးရွာ၊ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေအယူခံတရားပြိုင် (၁)ဒေါ်အေးငြိမ့် သိစေရမည်။

ယခုအမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် အမိန့်ကို အထက်အမည်ပါ အယူခံတရားလို့က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ခုနှစ်၊ ဖွန်လ ၂၆ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၃၁၊ နည်းဥပဒေ၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၁ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းမျိုးဌေး)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြေးပြုရုံး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မော်ဘီမြို့နယ်၊ ညောင်ခန့်စပ် အထူးစိုက်ပျိုးမွေးမြူရေးအထူးနှုန်းအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်းလုပ်ငန်းများနှင့်လှည်းကူးမြို့နယ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေစင်း(မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်း(၁)ခု ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးတွင် အောက်ပါအစီစဉ်အတိုင်းရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - ၃-၆-၂၀၂၄ရက် (တနင်္လာနေ့)

(ခ) တင်ဒါနောက်ဆုံးတင်သွင်း ရမည့်ရက် - ၁၈-၆-၂၀၂၄ရက် (အင်္ဂါနေ့) ၁၆:၃၀နာရီအထိ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမှတ်(၁၁+၁)၊ (၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း- ၀၉-၄၅၅၀၀၁၉ နှင့် ၀၉-၄၅၉၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အမည်မှန်

ကလေးမြို့နယ်၊ ပျဉ်းတော ဦးကျေးရွာနေ (၁၁)ဦးကျိုးအုပ် ၄/ဟခန (နိုင်)၀၂၁၂၂၊ (မိခင်) ဒေါ်ကြယ်၏သမီး မရှိဘီရမ်ထပါရိ၏အမည်မှန်မှာ မရမ်းထပါရိ ဖြစ်ပါကြောင်း။ ဦးကျိုးအုပ်

ဖုန်း-၀၉-၉၇၂၀၃၀၀၉

အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ လမ်းပြကြယ်စင် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-5 မှ (၁၂)ဦးနိုင်လင်းထွန်း၏ သမီး မသွန်းဟောသာ၏ အမည်မှန်မှာ မသုအိမ်ထည်ဖြစ်ပါကြောင်း။

မသုအိမ်ထည်

တစ်ဦးတည်းဖြစ်ကြောင်း

ဒိုက်ဦးမြို့နယ်၊ ကျိုက်ကောဂ (ရွှေ)၊ ရွှေဘုံသာဘုန်းတော်ကြီး သင်ပညာရေး (မူလတန်းလွန်) ကျောင်း(သင်ရိုးသစ်) အပ္ပမတန်း Grade-8 မှ မမြတ်မိုးအေး၏မခင် ဦးဇော် (၁)ဦးအင်္ဂါ ၇/၁၃၆ (နိုင်) ၁၃၁၃၁၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇော်(၁)ဦးအင်္ဂါ

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကံသုံးဆင့်ကျေးရွာနေ မေးမြေတပ်နိုး နှင့် မောင်ပြည့်စုံမင်းတို့၏ခင် ဦးသန်းစိုး (၁)ဦးတာ ၇/အတန (နိုင်)၁၄၅၅၈၇၆ သည် အိမ်ထောင်စုစာရင်းအရ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းစိုး(၁)ဦးတာ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7985 ၏ ဖောင်းကြွခဲ့ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွခဲ့ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ကည၁၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့

ဘိုးဘိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သဃ်ထုံမြို့၊ ဘင်လွိုင်ရပ်ကွက်၊ အကွက်အမှတ် (၈၃)၊ မရမ်းချောင်အနောက်အကွက်၊ ဦးပိုင်အမှတ်(၃၆[၁၈])၊ မြေဧရိယာ(၀.၁၆၅) ကောအနက်မှ (၀.၀၉၂)ဧကရှိ မြေကွက်အား အရှေ့ဘက်-ဦးပိုင်အမှတ် (၃၆[၁၇]) အနောက်ဘက်-ဦးပိုင်အမှတ် (၅၅[၂]) တောင်ဘက် - သဃ် - ဘားအံကားလမ်း၊ မြောက်ဘက် - ဦးပိုင်အမှတ် (၄၈[၁၁])ရှိမြေကို (ဘိုးဘိုင်မြေ အမည်ပြောင်း) ပေးရန် ဒေါ်အေးအေးသိန်း (၁) ဒေါ်ငွေစုမှ လျှောက်ထားလာသည့်အတွက် ဒေါ်အေးအေးသိန်း(၁) ဒေါ်ငွေစုစု၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဖွန်လ (၁၅) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှု။ သဃ်ထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှု။ သဃ်ထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သဃ်ထုံမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁)၊ ဦးပိုင်အမှတ် (၇၉)၊ ၀.Acလမ်း၊ ၁၁၆x၁၁၀လမ်းကြားရှိ ဂရန်နံ့မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးချစ်ရှိ ကွယ်လွန်၍ အမွေဆက်ခံဝိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၉၄၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ခင်ဌေး၌ ဤ၀.၀၉၂ဧကတွင် ကအမွေအတွဲအမှတ် ၁၂၉၀/၂၀၂၄-၂၀၂၅ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ဖြစ်မင်းနှင့်မြေစိမ်းခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ဝင်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့် တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	တာယာ(၂၅)မျိုး/ ဘက်ထရီ(၁၁)မျိုး	၂၅၂ လုံး/စုံ / ၁၄၉၃ လုံး
(ခ)	စက်ဆီချောဆီ(၈)မျိုး	၁၂၆၇၀ ဂါလန်/ ၄၀၈၀ kg / ၅၈၈ Liters

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၆-၂၀၂၄ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၄-၆-၂၀၂၄ရက် (၁၂:၀၀)နာရီ နေ့ကာဆိုးထားး၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့ကောဝန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၈၇၂ဘို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

မဆုမီကို (၁၄/မအပ(နိုင်)၃၃၁၄၃၃)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မုဒန်တွင် တရားဝင်နေထိုင်အလုပ်လုပ်ကိုင် လျက်ရှိသော Mr Ian Wong ၏ ကိုယ်စား ဒေါ်မေသက်ဦး(၁/ဟပန(နိုင်)၀၀၉၉၆၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ Mr Ian Wong တရားဝင်အလုပ်လုပ်လျက်ရှိနေသော ပတ်ဝန်းကျင်ထွင်လွှင့်သော် ကောင်း၊ လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ အရှက်နှင့် ဂုဏ်သိက္ခာအား ထိခိုက်နှစ်နာစေရန် ရည်ရွယ်၍ တမင်ပြောဆိုခြင်း၊ မဟုတ်မမှန်နှစ်ခွဲပြောဆိုခြင်း၊ မဟုတ်မမှန်သတင်းလွှင့်ခြင်း၊ ဖြန့်ခေခြင်း အများကတက အမှန်ကဲ့သို့ထင်ပြခြင်းလာအောင် မသာလြာဆိုရေးသား ခေခြင်းစသော ကိစ္စရပ်များကို လုပ်ကိုယ်တိုင်သော်လည်းကောင်း၊ ဆိုရပ်ပမိဒီယာ လူမှုကွန်ရက်များနှင့်သော်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်များအား အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် မပြုလုပ်ရန်နှင့် ပြုလုပ်နေဆဲတို့ကို ဤကြေညာချက်ပါသည့်ရက်မှစ၍ ရပ်တန့်ကာရပ်ကြရန် ဒေါ်ဆုမီကို ကိုယ်တိုင်နှင့် ၎င်းကို ပူးပေါင်းကူညီဆောင်ရွက်သူများအား တင်းကြပ်စွာအသိပေးကြေညာအပ်ပါသည်။ အကယ်၍ ရပ်တန့်ခြင်းမရှိ ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုတောင်ရွက်တော့မည် ဖြစ်ပါကြောင်းကို ပြုလုပ်ဆောင်ရွက်သူနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးလွဝင်း (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄/၂၀၀၂)
ဖုန်း-၀၉-၅၁၁၉၆၆၁၁

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၈)ရပ်ကွက်၊ ရွှေတင်း(၆)လမ်း၊ အိမ်အမှတ် ၀၀၀/၅၃ နေ ဦးမျိုးဝင်းအောင်- ဒေါ်နန်းမသန်းစိန်တို့၏သမီးဖြစ်သူ နန်းအဲအခလိန်း ၃/ဘအန (နိုင်)၅၀၅၉၃၅ သည် မိဘများ၏ဆိုဆုံးမခြင်းကိုနာခံခြင်း မရှိသည့်အပြင် မိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအ၀ဝ ကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမျိုး၀င်းအောင်-ဒေါ်နန်းမသန်းစိန်

ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ ထုံးပေါက်တော(မ)ကျေးရွာနေ (၁၁)ဦးမောင်ညီ၏သား ကျွန်တော် မောင်ကိုကိုနိုင် (စ/မကန(နိုင်)၂၉၆၉၇၆) ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MG-939323) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄ ၉၃၀၆၇

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မုံရွာမြို့
၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
